မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလ တည်းဟူသောအနံ့သည် အတုမရှိ ထူးကဲ လွန်မြတ်၏။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၁)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ကြာသပတေးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပေါင်းတည်၌ ပဲတီစိမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိ

ပေါင်းတည် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးကို ၆၅၄၈ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခုလျာထား ချက်ပြည့်မီအောင် စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ပေါင်းတည်မြို့နယ်ရှိ တောင်သူအများစုသည် မေလနှင့်ဇွန်လအကြားတွင် ပဲတီစိမ်းကိုစတင်စိုက်ပျိုးလေ့ရှိပြီး အများအားဖြင့် ရက် ၆၀ ရေဆင်း-(၁၆) မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးကြကာ မိမိစိုက်ပျိုးမြေအနေအထားနှင့်ကိုက်ညီသည့် ပဲမျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးတတ်ကြကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ●





# ပေါက်ခေါင်းမြို့နယ်၌ မိုးစပါးစိုက်ဧကပေါင်း ၄၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

ပေါက်ခေါင်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် စပါးကိုအဓိကထားစိုက်ပျိုးကြရာ ယခုနှစ်တွင်လည်း မိုးစပါးစိုက်ဧကပေါင်း ၄၀၀၀၀ ကျော်ကို စိုက်ပျိုးရန်လျာထားပြီးဖြစ်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်း မိုးစပါးကို တချို့တစ်ဝက် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ထိုသို့စိုက်ပျိုးရာတွင် ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးကြကာ ဒီဇင်ဘာလ၌

စာမျက်နှာ ၁၅ ကော်လံ ၃ ➤

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

စာ - ၁၆ သို့

## ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

စာ - ၁၁ သို့

## ဆောင်းပါး

မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်း

စာ - ၁၃ သို့

အဖြူရောင်အလင်းတိုင်များ

စာ - ၇ သို့


Myanmar Mobile Money (MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။



ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
ပြည်ပငွေလွှဲ(ထိုင်း)မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၇ ရက်)

# ပိုမိုတိုးတက်လာနေပြီဖြစ်သော မြန်မာ့မီးရထား

တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာခြင်းတွင် အများပြည်သူတို့မှာ မီးရထားဖြင့်ခရီးသွားရခြင်းကို ပိုမိုနှစ်သက်လာကြသည်။ ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ပြေးဆွဲနေသည့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန်ခရီးစဉ်သည် ပြေးဆွဲချိန် ၅ နာရီခွဲခန့်နှင့်မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေးခရီးစဉ်တွင် ပြေးဆွဲချိန် ၅ နာရီခန့်သာကြာမြင့်မည်ဖြစ်သည်။ တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲခြင်းဖြစ်၍ ရထားတွဲများမှာအလွန်ပင်သန့်ရှင်းလှသည်။ သန့်စင်ခန်းများမှာလည်း သန့်ရှင်းစင်ကြယ်သည်။ မီးရထားလမ်းတစ်လျှောက်စိမ်းလန်းစိုပြည်သာယာလှသည့် မြင်ကွင်းများကိုတွေ့မြင်ရခြင်းမှာလည်း ခရီးသွားများအတွက်စိတ်ကြည်နူးချမ်းမြေ့ဖွယ်ဖြစ်သည်။ မီးရထားဖြင့် ခရီးသွားလာရသည်မှာသက်သောင့်သက်သာနှင့်လိုက်ပါစီးနင်းရသည့်အတွက် ယခုအခါမီးရထားဖြင့်ခရီးသွားလာသူများပိုမိုများပြားလာပြီဖြစ်သည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်း၌ လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထားတွင် ပထမတန်း(၄)တွဲ၊ အထက်တန်း(၂)တွဲစုစုပေါင်းတွဲဆိုင်း(၆)တွဲဖြင့် ခရီးသည် ၃၁၂ ဦးလိုက်ပါစီးနင်းနိုင်သည်။ နေပြည်တော်-မန္တလေးရထားလမ်းပိုင်း၌ပြေးဆွဲသည့်လေအိတ်ရထားခရီးစဉ်တွင်လည်း ရိုးရိုးတန်း(၄)တွဲ၊ အထက်တန်း(၂)တွဲ စုစုပေါင်းတွဲဆိုင်း(၆)တွဲဖြင့် ခရီးသည် ၃၃၀ ဦး လိုက်ပါစီးနင်းနိုင်သည်။ အဆိုပါခရီးစဉ်များကို ဖေဖော်ဝါရီလ ၂၈ ရက်မှစတင်ကာ ချိတ်ဆက်ပြေးဆွဲပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂ ရက်က နေပြည်တော်-ရန်ကုန်လူစီးအမြန်ရထားဖြင့် တောင်ငူမှရန်ကုန်သို့လိုက်ပါစီးနင်းခဲ့သည်။ ထိုသို့လိုက်ပါစီးနင်းစဉ် သက်ဆိုင်ရာတာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုအပေါ် **"ရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေးနှင့်စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေးရှိ လယ်ယာမြေများကိုစနစ်ကျနသည့်လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများစနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနယ်များအတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ မီးရထားဖြင့်သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးနှင့် ပြည်တွင်းပြည်ပခရီးသွားများအားဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း"** ဖြင့် မှာကြားခဲ့သည်။

ရထားစီးခရီးသည်များအတွက် မီးရထားစတင်ထွက်ခွာသည်နှင့် ဤမီးရထားကိုဦးဆောင်မောင်းနှင်သူအမည်၊ တွဲဖက်မောင်းနှင်မည့်သူအမည်နှင့် ရပ်နားမည့်ဘူတာများကို ကြိုတင်ပြောကြားပေးထားသည်။ နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် ရထားစီးရန် ကြာမြင့်ချိန်မှာ ၅ နာရီခွဲသာရှိသည်။ နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတိတိစတင်ထွက်ခွာပြီး ရန်ကုန်သို့ညနေ ၅ နာရီခွဲတိတိတွင် ဆိုက်ရောက်သည်။ အမှန်တကယ်အချိန်တိကျသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများခရီးသွားလာမှုလုံခြုံချောမွေ့စေရေး၊ သက်သက်သာသာဖြင့် အချိန်တိုအတွင်းသွားလာလွယ်ကူရေးတို့ကိုအစဉ်ရှေးရှုကာဆောင်ရွက်ပေးလျက်ရှိသည်။

မီးရထားခရီးစဉ်များနှင့်ပတ်သက်၍ ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့်ပြေးဆွဲပေးနိုင်ရေးကိုအလေးထားဆောင်ရွက်ခဲ့သည့်အတွက်ယခုအခါသွားလာမှုလွယ်ကူမြန်ဆန်ချောမွေ့နေပြီဖြစ်သည်။ အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ရထားတွဲများအစဉ်အမြဲသန့်ရှင်းနေစေရေးကို ဝန်ထမ်းများကဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများကလည်းကူညီမှုပြုကြရမည်ဖြစ်သည်။ ရထားတွဲပေါ်တွင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့် အနံ့ဆိုးရှားသောသစ်သီးများမသယ်ဆောင်ရေးကိုလည်း အထူးသတိပြုကြရမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးစနစ်မှာတိုင်းပြည်တစ်ခု၏အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပြီး ပြည်သူများကိုကောင်းကျိုးရှိသည့်စနစ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှရထားတွဲဆိုင်းအသစ်များမှာယူတင်သွင်းကာ ရထားပို့ဆောင်ရေးစနစ်ကိုအဆင့်မြှင့်တင်ပေးနေခြင်းဖြစ်သည်။ ပြည်တွင်းတွင်တည်ဆောက်နိုင်ပါက ကုန်ကျစရိတ်ပိုမိုသက်သာနိုင်မည်ဖြစ်၍ ယခုအခါ ဒီဇယ်လျှပ်စစ်သုံး DEMU စက်ခေါင်းများ၊ ရထားတွဲများကိုပြည်တွင်း၌တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေးကိုဆောင်ရွက်နေပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့မီးရထားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် လိုက်ပါစီးနင်းကြရမည်ဖြစ်သည်။ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေးနှင့် မီးရထားသယ်ယူပို့ဆောင်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုအားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပေရာပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၂၀၇၃၀၃ ဧကစိုက်ပျိုးပြီးစီး

ကန့်ဘလူ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၂၀၇၃၀၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

မိုးသီးနှံစိုက်ပျိုးချိန်တွင် ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံ ၂၀၉၃၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ဩဂုတ်လ ၆ ရက်အထိ ၂၀၇၃၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံသီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၈၀၉၂၆ ဧက၊ ပဲစင်းငုံ ၁၂၃၃၆၆ ဧက၊ စွန်တာပြာ ၂၂၂၅ ဧက၊ ထောပတ်ပဲ ၇၇၇ ဧကနှင့်အခြားပဲ ၉ ဧက စုစုပေါင်း ၂၀၇၃၀၃ ဧကတို့ဖြစ်သည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရန်အတွက် သီးနှံအလိုက်လျာထားမှုအနေဖြင့် ပဲတီစိမ်း ၉၀၅၉၄ ဧက၊ ထောပတ်ပဲ ဧက ၈၀၀၊ စွန်တာပြာ ၂၃၀၀ ဧက၊ ပဲစင်းငုံ ၁၁၅၆၆၀ ဧကနှင့်အခြားပဲ ၃ ဧက စုစုပေါင်း ၂၀၉၃၅၇ ဧကတို့ဖြစ်သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်းသိရသည်။

(၄၀၉)

# ရေတာရှည်မြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

တောင်ငူ ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၅ ရက်နံနက်ပိုင်းတွင် ရေတာရှည်မြို့ မဟာဝိသုတာရာမနတ်ရေတွင်းကျောင်းတိုက်၌ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်း၊ ရေတာရှည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းတွင် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်နှင့် ချိတ်စကပ်ချုပ်နည်း စသည်တို့ကို ဩဂုတ်လ ၄ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြောင်း၊ သင်တန်းပြီးဆုံးပါကကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား၊ သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့်လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်းသိရသည်။

(၄၁၀)

## MWD Education, Knowledge & Sports Channel

၇-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၂၂ | Grade - 8 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၂၂ - ၁၆:၅၀ | Grade - 8 | ပထဝီဝင် |
| ၄။ | ၁၆:၅၀ - ၁၇:၄၁ | Grade - 8 | သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၈-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းနှင့် နှံစားပြောင်း ၂၄၇၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ သြဂုတ် ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းနှင့် နှံစားပြောင်း ၂၄၇၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧက ၊ နှံစားပြောင်း ၁၆၇ ဧကတို့ကို စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဖူးစားပြောင်း ၂၁၈၃ ဧက၊ နှံစားပြောင်း ၂၉၁ ဧက စုစုပေါင်း ၂၄၇၄ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၂၃၁၆ ဧကနဲ့ နှံစားပြောင်း ၁၆၇ ဧကတို့ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဖူးစားပြောင်း ၂၁၈၃ ဧက၊ နှံစားပြောင်း ၂၉၁ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေကို စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့နဲ့ GAP နည်းစနစ်နဲ့စိုက်ပျိုးကြဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းနှင့် နှံစားပြောင်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းကောင်းမွန်စေရေး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် သီးနှံများစိုက်ပျိုးခြင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ ပုံပြောပြိုင်ပွဲ ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပ



ရန်ကုန် သြဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို သြဂုတ်လ ၅ ရက်က အမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံ(တောင်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများ ဖတ်ရှုကြရန်လိုကြောင်း၊ စာပေများဖတ်ရှုမှသာ အသိပညာ ဗဟုသုတများတိုးပွားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒဂုံ(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်စာရေးအသင်းအတွင်းရေးမှူး စာရေးဆရာ သက်ဝေမောင်က စာဘာကြောင့်ဖတ်သင့်သလဲခေါင်းစဉ်ဖြင့် စာပေဗဟုသုတဖတ်ရှုရန်အကြောင်းအရာများကို အကျယ်တဝင့်ဟောပြောဆွေးနွေးသည်။

ယင်းနောက် ပုံပြောပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ကျင်းပရာ ပုံပြောပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြကာ ဂိမ်းကစားနည်းပြိုင်ပွဲများတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အနိုင်ရရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နေမျိုးအောင်**

# မြောက်ဥက္ကလာပမြို့နယ်၌ အမှိုက်အမျိုးအစားအလိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းတို့ဆောင်ရွက်

ရန်ကုန် သြဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ချနိုင်ရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေးအတွက် အမှိုက်အမျိုးအစားအလိုက်ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းတို့ကို သြဂုတ်လ ၆ ရက်တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကန်သာယာခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းတင်ယုဆွေက အမှိုက်စွန့်ပစ်ပစ္စည်းများကို စနစ်တကျမစွန့်ပစ်လျှင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ပြဿနာများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပလတ်စတစ်ပစ္စည်းများအား အသုံးပြုမှုပိုမိုများပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို စိန်ခေါ်နေခြင်းကြောင့် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုကြရန် ရုံး၊ ဌာန၊ စာသင်ကျောင်း၊ ဈေးများနှင့် အများပြည်သူသွားလာသည့်နေရာများတွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်နှင်းအေးက အမှိုက်အမျိုးအစားအလိုက် အရောင်ဖြင့်ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ အဝါ၊ အစိမ်း၊ အနီ၊ အပြာ အမှိုက်ပုံးအရောင်များ၌ အမှိုက်အမျိုးအစားလေးမျိုးခွဲခြားစွန့်ပစ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ ဘောပင်နှင့်ခဲတံများ ပံ့ပိုးပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤသို့ရှိနေရာမှ ကျွန်ုပ်က စိတ်အားစိုက်ရသည် မဟုတ်ဘဲလျက် အသက်ရှူခြင်းသည် တဖြည်းဖြည်း ပြင်း၍ပြင်း၍လာလေရာ မုန်တိုင်းတိုက်ခတ်၍ လှိုင်းတံပိုးထကြွခြင်းနှင့်တူလှ၏။ ထိုအခါ၌မူ ငြိမ်သည်ဟုထင်ရသောအမှတ်သည် ပျောက်သွား၍ အနေခက်သည့်သဘောမျိုး ထင်လာခဲ့လေပြီ။ ဤအတောအတွင်း အသက်ပြင်းစွာရှူရှိုက်ခြင်းသည် တိုး၍တိုး၍လာသည်ဖြစ်သောကြောင့် သေခါနီး၌ အမောဆိုက်သောလူနာတစ်ယောက်ကဲ့သို့ဖြစ်နေခဲ့လေပြီ။ အသက်ရှူခြင်းကို မပြုပြင်ဘဲ ဆက်လက်၍လွှတ်ထားလိုက်ပါက နောက်ဆုံးတွင် တားမနိုင်ဆီးမရ အမောကြီးဆိုက်သောလူနာကဲ့သို့ ဖြစ်သွားလိမ့်မည်ဟု စိုးရိမ်လာသည်နှင့် ကျွန်ုပ်သည် အသက်ရှူရှိုက်ခြင်းကို ဘရိတ်အုပ်ကာ ထိန်းသိမ်းထားလိုက်ရာ နဂိုအတိုင်း သာမန်အသက်ရှူသော အဖြစ်သို့ရောက်သွားပါတော့သည်။ ထူးဆန်းလှသည်တကားဟု အောက်မေ့မိသည်။

## ဆက်လက်၍ စွန့်စားခြင်း

ကျွန်ုပ်သည် ရွက်ဖျင်ကုလားထိုင်ပေါ်၌ ထိုင်ကာ အလုပ်လုပ်ခြင်းဖြစ်ရာ (ဆရာတော်ကလည်းခွင့်ပြုသည်။) ကုလားထိုင်ပေါ်မှထ၍ စင်္ကြံလျှောက်ရင်း အထက်ပါအဖြစ်အပျက်ကို ပြန်လှန်သုံးသပ်သည်။ မကြုံဖူးသောအခြင်းအရာတစ်ခုဖြစ်၍ နားမလည်နိုင်အောင် ဖြစ်နေ၏။ အတန်ကြာအောင် စင်္ကြံလျှောက်ပြီးနောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်၌ တစ်ဖန်ထိုင်ပြန်၍ ယခင်ကအတိုင်း အဖောင်းအပိန်ရှုပြန်ရာ စင်ရော်ငှက်လေး လှိုင်းစီးသကဲ့သို့ရှိသောအဖြစ်သို့ မကြာမီပင်ရောက်လာ၏။ ထို့နောက် အသက်ပြင်းပြင်းရှူသော အဖြစ်သို့ (သူ့ဘာသာ) ရောက်သွားပြန်ရာ တဖြည်းဖြည်း ပြင်းသည်ထက်ပြင်းသောအဖြစ်သို့ရောက်သွားပြန်၍ အသက်ငင်သကဲ့သို့ ဖြစ်လာပြီး လန့်ပြန်သည်နှင့် တစ်ဖန်ရပ်မိလိုက်ပြန်သည်။ ဘာဖြစ်သနည်းဟု စဉ်းစားရာ အဖြေမထွက်လာချေ။ ဤတွင် ကျွန်ုပ်သည် တတိယအကြိမ် ထပ်မံအားထုတ်ပြန်ရာ (ကျွန်ုပ်အထင်) တစ်မိနစ်ခန့် အတွင်းတွင် သက်ပြင်းရှူသောအဖြစ်သို့ ရောက်လာပြန်၏။ ဤတစ်ကြိမ်၌ကား ကြောက်စိတ်ကိုနှိမ်နင်း၍ ဖြစ်ချင်ရာဖြစ်စမ်းပါစေဆိုကာ ဘရိတ်မအုပ်ဘဲ လွှတ်ပေးလိုက်သည်။ အသက်ရှူခြင်းသည် ပြင်းသည်ထက်ပြင်းလာ၍ လှိုင်းတံပိုးကြီးများထသည့်နှယ် ဝမ်းဗိုက်ကို မြင်ရသော်လည်း ရိုးရိုးမောဟိုက်ခြင်းမျိုးကဲ့သို့ အခံရခက်ခြင်း၊ ပင်ပန်းခြင်းမျိုးကား လုံးဝမတွေ့ရချေ။ ဝမ်းဗိုက်သည် အစွမ်းကုန်ဖောင်း၍ အစွမ်းကုန်ပိန်သွားသော အဖြစ်သို့ရောက်သွားသောအခါ (ပိန်သောအလှည့်များ၌ ကျောနှင့်ဝမ်းဗိုက်ထိသည်ဟုထင်ရသည်။) အသက်ရှူခြင်းသည် တဖြည်းဖြည်းလေးပြန်၍ ပျော့လာ၏။ ဤအခြင်းအရာကိုလည်း ကျွန်ုပ် ကောင်းကောင်းသိ၏။ ဤသို့ဖြင့် တစ်ချက်ထက် တစ်ချက် ပျော့သည်ထက်ပျော့ဆင်းလာရာ ငွေ့ငွေ့လေးရှူရှိုက်ရာမှ လုံးဝအသက်မရှူဘဲ ငြိမ်နေသည်ထင်ရသော အဖြစ်သို့ ရောက်လာ၏။ (ထင်သည်ဟု ကျွန်ုပ်ရေးပါသည်။ တကယ် ငြိမ်၊ မငြိမ်ကို ကျွန်ုပ် အမှန်မပြောနိုင်ပါ။) ထိုကဲ့သို့ အသက်ရှူသည်မထင်ရဘဲ ငြိမ်နေသော အခိုက်အတန့်၌ စိတ်၏ငြိမ်းချမ်းမှုရှိခြင်းမှာ ယှဉ်မှားဖွယ်မရှိပါ။

သတိလစ်ခြင်းကားမဟုတ်။ လောကကြီးနှင့်ပတ်သက်၍ ဟိုအကြောင်း သည်အကြောင်းတို့ကို မသိ။ ဘာသံမှလည်း ကြားသည်မထင်။ ဘာမှလည်း မစဉ်းစား။ ငြိမ်းချမ်းမှုသက်သက်ကိုသာ သိပါသည်။ ဤသို့ဖြင့် (တစ်မိနစ်သာသာ ကြာလိမ့်မည်ထင်သည်။) အတန်ကြာသောအခါ အာရုံခြောက်ပါးနှင့်စပ်လျဉ်းသည့် အသိလေးများပေါ်လာ၍ တဖြည်းဖြည်းတွင်မှ လူရိုးရိုးတစ်ယောက်ဖြစ်လာပါသည်။

## ဆရာတော်လည်း အခက်တွေ့၏

ကျွန်ုပ်သည် ထိုင်ရာမှထခဲ့၍ ဆရာတော်ထံသို့သွားပြီး အကြောင်းခြင်းရာကို လျှောက်ထားလေရာ ဆရာတော်သည် မကြုံဖူးသည့်လက္ခဏာဖြင့် ကျွန်ုပ်ကို ကြည့်နေပြီးနောက်–

"ဒကာကြီးရဲ့အဖြစ်က တော်တော်ဆန်းတာပဲ၊ လေ့ကားမပါဘဲနဲ့ ထန်းပင်ပေါ်ရောက်တဲ့လူလိုဖြစ်နေပြီကော၊ ဘယ်တရားများ အားထုတ်ဖူးသလဲ"ဟု မေး၏။ ကျွန်ုပ်က ယခင်ကအားထုတ်ခဲ့ဖူးပုံနှင့်

> " ကျွန်ုပ်သည် ရွက်ဖျင်ကုလားထိုင်ပေါ်၌ ထိုင်ကာ အလုပ်လုပ်ခြင်းဖြစ်ရာ (ဆရာတော်ကလည်းခွင့်ပြုသည်။) ကုလားထိုင်ပေါ်မှထ၍ စင်္ကြံလျှောက်ရင်း အထက်ပါ အဖြစ်အပျက်ကို ပြန်လှန်သုံးသပ်သည်။ မကြုံဖူးသော အခြင်းအရာတစ်ခုဖြစ်၍ နားမလည်နိုင်အောင် ဖြစ်နေ၏။ အတန်ကြာအောင် စင်္ကြံလျှောက်ပြီးနောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်၌ တစ်ဖန်ထိုင်ပြန်၍ ယခင်ကအတိုင်း အဖောင်းအပိန်ရှုပြန်ရာ စင်ရော်ငှက်လေး လှိုင်းစီးသကဲ့သို့ရှိသောအဖြစ်သို့ မကြာမီပင်ရောက်လာ၏. . ."

သင်္ကန်းဝတ်ခဲ့ဖူးခြင်း အကြောင်းတို့ကို အကျဉ်းချုပ်လျှောက်ထားလေရာ ဆရာတော်သည် ကျွန်ုပ်ဖြစ်ပုံကို ဆုံးဖြတ်ရန် မတတ်နိုင်သည့်လက္ခဏာနှင့် ဤနည်းအတိုင်းထပ်၍အားထုတ်ဖို့ တိုက်တွန်းလေ၏။ ကျွန်ုပ်ကလည်း မိမိ၏အဖြစ်ကို စိတ်တိုင်းကျလှသည်မဟုတ်။ ဆရာတော်ကလည်း ဟုတ်ပြီဟု ထောက်ခံလိမ့်မည်ဟူ၍ မမျှော်လင့်ခဲ့ဖူးသောကြောင့် ထပ်မံအားထုတ်ဖို့ တိုက်တွန်းပြန်ခြင်းအတွက် စိတ်ပျက်ခြင်းမရှိဘဲ ဆက်လက်အားထုတ်ပြန်ပါသည်။

## စမ်းသပ်နည်း

ထိုညဥ့်၌ ကျွန်ုပ်သည် အဖောင်းအပိန်နည်းအရ အားထုတ်ပြန်ရာ စင်ရော်ငှက်သဖွယ် လှိုင်းစီးသောအဖြစ်မျိုးသို့ရောက်ပြီးနောက် အမောဆိုက်သလိုဖြစ်ပြီး ငြိမ်သက်သွားသောအဖြစ်မျိုးသို့ ဆိုက်ရောက်သွား၏။ ထိုကဲ့သို့ သုံးကြိမ်သုံးဖန်ဆိုက်ရောက်ပြီးသောအခါ၌ကား ကျွန်ုပ်သည် ဘယ်နှကြိမ်ဆက်၍ အားထုတ်သည်ဖြစ်စေ ဤနည်းအတိုင်းသာ ဖြစ်ချေတော့မည်ဟုရိပ်မိသည်နှင့် ဆက်လက်၍ အားမထုတ်တော့ဘဲ အနားယူထားလိုက်လေ၏။ အရုဏ်တက်ချိန်တွင် ကျွန်ုပ်တို့သည် ယာဂုသောက်ရန်အတွက် သီလရှင်၏ ကျောင်းသို့သွားကြ၏။ ကျွန်ုပ်တို့အား ချက်ပြုတ်ကျွေးဖို့ တာဝန်ယူထားသော သီလရှင်မှာ မဟာစည်ဆရာတော်၏ အဖောင်းအပိန်နည်းဖြင့် တရားအားထုတ်၍ ဉာဏ်စဉ်နှင့်ပြီးသူဖြစ်လေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ဖြစ်ပုံကို သီလရှင်အား ပြောပြ၏။ ထိုအခါ သီလရှင်က အဓိဋ္ဌာန်ဖြင့် စမ်းကြည့်ဖို့အကြံပေး၏။ စမ်းနည်းမှာ ရောက်နေကျအဖြစ်မျိုးသို့ နာရီဝက်အတွင်း ရောက်ပါစေသား၊ သို့မဟုတ် ၁၅ မိနစ်အတွင်း ရောက်ပါစေသား စသည်ဖြင့် အဓိဋ္ဌာန်ပြုပြီး ထိုင်ရန်ဖြစ်လေသည်။ ယာဂုသောက်ပြီးကြ၍ ကျွန်ုပ်တို့နေသော စင်္ကြံကျောင်းသို့ ပြန်ရောက်ကြသောအခါ ကျွန်ုပ်သည် သီလရှင်ဆရာလေး ပြောသည့်အတိုင်း နာရီဝက်အဓိဋ္ဌာန်ပြု၍ ထိုင်စမ်းရာတွင် နာရီဝက်တိတိ၌ ငြိမ်သက်သောအဖြစ်သို့ ရောက်သွား၏။ ထို့နောက် ၁၅ မိနစ် အဓိဋ္ဌာန်ပြု၍ ထိုင်ပြန်ရာ ထိုအချိန်တွင် ရောက်သွား၏။ နောက်ဆုံး၌ ငါးမိနစ်အတွင်းလည်းကောင်း၊ တစ်ဖန် နှစ်မိနစ်အတွင်းလည်းကောင်း ရောက်စေသားဟု အဓိဋ္ဌာန်ပြု၍ ထိုင်ပြန်ရာ ထိုအချိန်တိတိ၌ပင် ရောက်ခြင်းကို တွေ့ရသည်။

## ပြန်လာခဲ့ခြင်း

ထိုနံနက်၌ ကျွန်ုပ်သည် တရားပြဆရာဖြစ်သော ဆရာတော် ဦးကောသလ္လထံသို့ သွား၍ ညဥ့်က အားထုတ်ပုံအကြောင်းကိုလျှောက်ထားပြီးလျှင် ကျွန်ုပ်အဖို့ တရားအဆုံးသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ဆက်လက်အားထုတ်ခြင်းအားဖြင့် အကြောင်းထူးဖို့ မရှိကြောင်း၊ အားထုတ်လိုက်တိုင်း ငြိမ်သက်သောအဖြစ်သို့ ရောက်သွား၍ ဆက်လက်အလုပ်လုပ်ရန် လမ်းမမြင်တော့ကြောင်း၊ သို့ဖြစ်၍ အိမ်သို့ပြန်ဖို့မှတစ်ပါး တခြားလုပ်စရာမရှိကြောင်း လျှောက်ထားလေ၏။ ကျွန်ုပ် အကဲခတ်ရသမျှမှာ ဆရာတော်သည် (သူ့စကားအတိုင်း) လှေကားမမြင်ရသည့်အတွက်ကြောင့် ထန်းပင်ပေါ်သို့ရောက်ခြင်းကို ကျေနပ်ပုံမရသဖြင့် အောင်လက်မှတ်လည်းမပေးလို၊ ဆက်လက်၍အားထုတ်ရန်ပြောဖို့လည်း ခက်နေသည်ဖြစ်သောကြောင့် ဆိတ်ဆိတ်သာ နေတော်မူသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ရွှေမင်းဝံချောင်မှ ပြန်လာခဲ့ရာ ဦးထင်မှာမူ တစ်စုံတစ်ရာ ထူးခြားခြင်း မတွေ့ရသေးမီ ကျွန်ုပ်နှင့် အတူပြန်လိုက်လာလေ၏။

## နှိုင်းယှဉ်ချက်ထုတ်ခြင်း

အိမ်သို့ပြန်ရောက်သောအခါ ကျွန်ုပ်သည် မိတ်ဆွေဦးဘသင်ထံသို့သွား၍ ကျွန်ုပ်၏အဖြစ်အပျက်ကိုပြောပြရာ သူကမူ လှေကားမပါဟုမပြောဘဲ နောက်ဆုံးရောက်သည့် ငြိမ်သက်သောအဖြစ်ကို သဘောကျ၍ ဝမ်းမြောက်ဝမ်းသာ လက်ခံလေသည်။ ကျွန်ုပ်က "ကြည့်ချင်ရင် ခုချက်ချင်းလုပ်ပြမည်"ဟု ပြောရာ သူက "ပြဖို့မလိုပါ၊ ကျေနပ်ပါသည်" ဟု ပြောလေသည်။ ကျွန်ုပ်၏ အိမ်တွင်လည်း ဇနီးနှင့် နှမတစ်ယောက်အား ကျွန်ုပ်ဖြစ်ပုံကို သူတို့ရှေ့တွင်လုပ်ပြရာ သူတို့သည် ကျွန်ုပ်၏ အသက်ငင်သကဲ့သို့ မောသည့် အဖြစ်ကို ကြောက်လန့်ကြသော်လည်း အလွန်ထူးဆန်းသည်ဆိုကာ အံ့သြကြ၏။ အမှန်မှာ ကျွန်ုပ်ကိုယ်တိုင်လည်း အံ့သြလှပါသည်။ တစ်မိနစ်အဓိဋ္ဌာန်ပြု၍ လုပ်လိုက်ရာတွင် တစ်မိနစ်စေ့သည်နှင့် တစ်ပြိုင်နက် မိမိက အသက်ပြင်းအောင် ရှူရှိုက်ခြင်းမဟုတ်ဘဲ သူ့ဘာသာ ပြင်းပြင်းကြီးရှူလာပြီး တဖြည်းဖြည်း ငြိမ်သက်သွားခြင်းဟူသည်မှာ နားမလည်စရာ အခြင်းအရာတစ်ခုဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ခရမ်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ချဉ်ပေါင်ခြံ)၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ချဉ်ပေါင်ခြံ)၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(ချဉ်ပေါင်ခြံ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက လျှပ်စီးဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိကြောင်း၊ လျှပ်စီးကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ ရေကြီးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်နှင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့်အကြောင်းအရာများ စသည်တို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က ရာသီဥတုအလိုက် နေထိုင်စားသောက်ပုံနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်ကျော့ကေခိုင်က ကျောင်းသား၊ ကျောင်းသူများ နေ့စဉ် အစားအစာများစားသုံးရာတွင် လိုက်နာရမည့်အချက်များနှင့် စားသုံးသူရေးရာအခွင့်အရေးများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# စွမ်းအင်ဝန်ကြီးဌာန ကုန်းတွင်းလုပ်ကွက် IOR-4 (ပြည်ဒေသ)ဧရိယာ - ၁၊ IOR-6 (မြန်အောင်ဒေသ) ဧရိယာ - ၃ နှင့် IOR -7(ရွှေပြည်သာဒေသ) ဧရိယာ - ၂ တို့တွင် တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ လက်မှတ်ရေးထိုး



နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် HNA Myanmar Oil & Gas Ltd. တို့အကြား ကုန်းတွင်းလုပ်ကွက် IOR–4 (ပြည်ဒေသ) ဧရိယာ – ၁ နှင့် IOR–6 (မြန်အောင်ဒေသ) ဧရိယာ – ၃ တို့အတွက်လည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Future Engineering & Gold, Mining Co., ltd. တို့အကြား IOR–7 (ရွှေပြည်သာဒေသ) ဧရိယာ – ၂ အတွက်လည်းကောင်း ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဦးစီးဌာန/ လုပ်ငန်းများမှ တာဝန်ရှိသူများ၊ HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd. တို့မှတာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် အရေးကြီးကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏စီးပွားဖွံ့ဖြိုးတိုးတက်လာမှုတွင် စွမ်းအင်ကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်အနက် **"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး"**ဦးတည်ချက်ပါဝင်သည်ဖြစ်ရာ အဆိုပါဦးတည်ချက်အောင်မြင်စေရေးအတွက် စွမ်းအင်ကဏ္ဍသည် အထူးအရေးပါလျက်ရှိကြောင်း။

စိုက်ပျိုးရေးအတွက် လိုအပ်သည့် ဓာတ်မြေဩဇာနှင့်စက်မှုကဏ္ဍမြှင့်တင်ရေးအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အား ရရှိရေးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုအပေါ်တွင် များစွာတည်မှီနေသောကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြု၍ ကြိုးစားဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများမှ ကုန်းတွင်းလုပ်ကွက် ၁၀ ကွက်ကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တိုးတက်ထွက်ရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ဖြင့် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပထမအကြိမ် ခွင့်ပြုပေးခဲ့သည့် လုပ်ကွက်အနေဖြင့် ယခုအချိန်တွင် သဘာဝဓာတ်ငွေ့များထုတ်လုပ်နေပြီး ယင်းဒေသ၏လျှပ်စစ်မီးရရှိရေးအတွက် အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း၊ **ယနေ့စာချုပ်ချုပ်ဆိုမည့် ပြည်ရေနံမြေ၊ မြန်အောင်ရေနံမြေနှင့် ရွှေပြည်သာရေနံမြေတို့သည် ပြည်အနည်ကျချိုင့်ဝှမ်းကြီးအတွင်း တည်ရှိသည်ဖြစ်ရာ အစဉ်အလာကောင်းများနှင့် အလားအလာကောင်းများရှိသည့် ရေနံမြေများဖြစ်သဖြင့် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရှာဖွေခြင်း၊ အကဲဖြတ်ခြင်း၊ တူးဖော်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်**ကြောင်း ပြောကြားသည်။

ထို့နောက် HNA Myanmar Oil & Gas Ltd. နှင့် Future Engineering & Gold, Mining Co., ltd. တို့မှတာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက တိုးတက်ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ မြဝတီ

---

# ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံအမှာစကားပြောကြား

## ပြည်သူလူထု စိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို




နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆေးရုံအုပ်ကြီးများ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပါမောက္ခချုပ်များအနေဖြင့် University Ranking တက်စေရေး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သင်ရိုးညွှန်းတမ်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် KG+12 စနစ်နှင့် လိုက်လျောညီထွေရှိစွာ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီမွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီးများကို ပြည်သူလူထုအားကိုးယုံကြည်မှုမြင့်မားလာပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးအညွှန်းကိန်းများ ပိုမိုတိုးတက်လာအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လိုအပ်သော ဆေးဝါးများနှင့် ခေတ်မီဆေးပစ္စည်းကိရိယာများကိုဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လူနာများ၏ စိုက်ထုတ်ကုန်ကျစရိတ်များကိုလည်း များစွာလျှော့ချနိုင်ခဲ့ကြောင်း၊ ပြည်သူလူထု စိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကုသရေးနှင့် ဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးပြည့်မီစေရေးနှင့် Clinical Skills များသာမက Communication Skills များ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာများ တိုးတက်စေရန်နှင့်မျိုးဆက်သစ်များကို လူကောင်းလူတော်များဖြစ်စေရန် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ပါမောက္ခများက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မြဝတီ

# ကလောမြို့နယ်၌ ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ကလော ဩဂုတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဝါးရုံပင်ကျေးရွာ တောင်သူ ဦးဇင်မြင့်ဇော်၏လယ်ယာမြေ ငါးကေ၌ ဩဂုတ်လ ၅ ရက်က ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပသည်။

ရှေးဦးစွာ အောင်ပန်းမြို့ အမှတ်(၆၅) စက်မှုလယ်ယာစခန်းမှ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဘဝင်းက ခြောက်တန်းသွား ကောက်စိုက်စက်နှင့် စပါးစိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးမှုပြဿနာများ လျှော့ချနိုင်ခြင်း၊ အချိန်ကုန်သက်သာပြီးစီးမှုမြန်ဆန်သောကြောင့် ရာသီအချိန်မီ စိုက်ပျိုးပြီးစီးခြင်း၊ မျိုးစပါးကုန်ကျမှုလျှော့နည်းခြင်းနှင့် စိုက်ပျိုးစရိတ်သက်သာခြင်း၊ စိုက်ပျိုးနည်းစနစ်မှန်ကန်မှုကြောင့် အထွက်နှုန်းပိုမိုတိုးတက်၍ ဝင်ငွေများတိုးတက်စေခြင်းနှင့် တောင်သူများ လက်တွေ့ကျကျသိရှိနားလည်ပြီး ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကို တွင်ကျယ်စွာအသုံးပြုနိုင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ သရုပ်ပြပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများအား အသိပညာပေးပြောကြားပြီး ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးခြင်းကို သရုပ်ပြရာ တက်ရောက်လာကြသည့်ဒေသခံတောင်သူများက ကြည့်ရှုလေ့လာကြသည်။

အောင်ပန်းမြို့ စက်မှုလယ်ယာစခန်းအနေဖြင့် တောင်သူများလုပ်ငန်းအဆင်ပြေစေရေးအတွက် တစ်ကေလျှင် ငွေကျပ် ၅၅၀၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုပါက အောင်ပန်းမြို့ စက်မှုလယ်ယာဦးစီးဌာနသို့ လာရောက်ဆက်သွယ်နိုင်ကြောင်း သိရသည်။



ကျော်ဝင်း(ကလော)

# ပွင့်ဖြူမြို့မဈေး၌ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအသိပညာပေး

ပွင့်ဖြူ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ဈေးရောင်းဈေးဝယ်ပြည်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဩဂုတ်လ ၅ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ၊ ဈေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်းအပြင်ရှိ ဈေးရောင်းဈေးဝယ်များနှင့်တွေ့ဆုံကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်းဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုကြရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသာ ထုပ်ပိုးအသုံးပြုကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ လက်ဆွဲခြင်း သို့မဟုတ် ထည့်စရာတစ်ခုခုကို တစ်ပါတည်းယူဆောင်လာကြရန် စသည့် ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်းအပြင်ရှိ ဈေးရောင်းဈေးဝယ်များကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးပြီး ဈေးရောင်းဈေးဝယ်ရာတွင် အသုံးပြုရန် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရွှေကျင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


ရွှေကျင် ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝင်းခနိမ်ကျေးရွာအုပ်စု ဝင်းခနိမ်ရွာမကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဩဂုတ်လ ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နော်ထူးဘိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝင်းခနိမ်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝင်းခနိမ်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူ အသင်းသား၊ အသင်းသူ ၃၈၈ ဦးအတွက် ရန်ပုံငွေ ငွေကျပ် ၈၀ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ပိုးသခင်




# သဲကုန်းမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

သဲကုန်း ဩဂုတ် ၆

မြန်မာနိုင်ငံတစ်ဝန်း ကျန်းမာရေးဝန်ကြီးဌာန၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် ဩဂုတ်လ ရောက်တိုင်း သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဩဂုတ်လ ၆ ရက်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်များ၊ အသက်ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်- A အားဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းတို့ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်အေးစန်းက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ထိုးနှံပေးလျက်ရှိသော ကာကွယ်ဆေးများအကြောင်း၊ ကလေးငယ်များတွင် ဖြစ်ပွားနိုင်သောရောဂါများ၊ ကာကွယ်နိုင်သောနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကိုပြောကြားကာ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးသန္တာက အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများတွင် ဖြစ်ပေါ်တတ်သောရောဂါများအကြောင်း အပါအဝင် ဘဝရှေ့ဆောင်ရက်တစ်ထောင် အနာဂတ်အတွက် အလင်းရောင်၊ အစာအုပ်စုများစုံလင်အောင်စား စသည့်ခေါင်းစဉ်တို့ဖြင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများအကြောင်း ဟောပြောသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်း၍ ကလေးငယ်များအား ဗီတာမင်- A အားဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ ကလေးငယ်များအား အာဟာရပြည့် မုန့်များဝေငှခြင်းများ ဆောင်ရွက်ပေးသည်။

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် ပထမပတ်တွင် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်တွင် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ်တွင် အိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါပပျောက်ရေး လုပ်ငန်းများကို ရက်သတ္တပတ်အလိုက် လှုပ်ရှားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# အဖြူရောင်အလင်းတိုင်များ

ဒေါက်တာဇေယျာဝင်း

၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်က ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဝန်(သစ်လွင်)နဲ့ သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဂုဏ်ပြုတက်ရောက်ချီးမြှင့်ကာ လမ်းညွှန်အမှာစကားပြောကြားပေးခဲ့တာဖြစ်လို့ ကျန်းမာရေးကဏ္ဍအတွက် အလွန်ပင်ထူးခြားပြီး သမိုင်းတွင်ခဲ့တဲ့ နေ့တစ်နေ့လည်းဖြစ်ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးတဲ့ အခိုက်အတန့်သာမက နိုင်ငံတော်နဲ့ ပြည်သူအပေါင်းတို့အတွက်လည်း အလွန်အရေးပါသော နေ့ရက်တစ်ရက်ဖြစ်ပါတယ်။ ကရုဏာတာဝန်သိမှုနဲ့ သိပ္ပံနည်းကျကျွမ်းကျင်မှုဆိုတဲ့ မီးရှူးတန်ဆောင်ကို စွမ်းရည်ပြည့်ဝတဲ့ အသစ်ခန့်ပြန်တမ်းဝင်အရာရှိဆရာဝန်(သစ်လွင်)တို့ရဲ့ လက်တွေထံသို့ လွှဲပြောင်းပေးအပ်ခဲ့တဲ့နေ့လည်းဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်ပြီး အင်အားတောင့်တင်းတဲ့နိုင်ငံတော်တည်ဆောက်ရေးအတွက် ကြီးမားတဲ့ အကျိုးရလဒ်တစ်ခုလည်းဖြစ်ပါတယ်။

**ဆရာဝန်ဆိုတာ**

ဆရာဝန်သစ်လွင်တွေကို "သူ့ရဲကောင်းတွေ" လို့ တင်စားဂုဏ်ပြုလိုပါတယ်။ ဆရာဝန်ဆိုတာ တစ်ခါတစ်ရံလူနာကိုရောဂါပျောက်ကင်းအောင် ကုသပေးနိုင်မယ်၊ တစ်ခါတစ်ရံမှာ နာကျင်မှုကိုသက်သာအောင် လုပ်နိုင်မယ်။ သို့သော် ဆရာဝန်ဖြစ်ရခြင်း အနုပညာဆိုတာဟာ နှစ်သိမ့်ပေးနိုင်စွမ်းပဲဖြစ်ပါတယ်။ ဆရာဝန်တစ်ယောက်ဆိုတာ ဂုဏ်ပုဒ်တစ်ခုထက်ပိုပါတယ်။ ဆရာဝန်တွေဟာ လူ့အသက်တွေရဲ့ စောင့်ရှောက်သူ၊ နာကျင်မှုတွေကို သက်သာပျောက်ကင်းစေသူ၊ ဝေဒနာခံစားနေရသူတွေအတွက် မျှော်လင့်ချက်ရဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ဆရာဝန်တစ်ဦးအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ခရီးလမ်းဟာ အမြဲတမ်းချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အိပ်ရေးပျက်တဲ့ညတွေရှိမယ်။

ကိုယ့်ကိုယ်ကိုယ် သံသယဝင်စရာ အချိန်တွေရှိမယ်။ ထမ်းထားရတဲ့ကြီးလေးတဲ့ တာဝန်တွေကို လေးလံသလိုခံစားရတဲ့ အခိုက်အတန့်တွေလည်း ရှိလာမယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ တန်ဖိုးကို သက်သောင့်သက်သာရှိပြီး အဆင်ပြေတဲ့အချိန်မှာ တိုင်းတာတာမဟုတ်ဘူး။ ခက်ခဲတဲ့စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရတဲ့အချိန်မှာ ဘယ်လိုရပ်တည်ကျော်ဖြတ်လဲဆိုတဲ့အပေါ်မှာ တိုင်းတာတာဖြစ်တယ်။ ဆရာဝန်သစ်လွင်တွေဟာ သတ္တိနဲ့ရပ်တည်မယ်။ ရိုးသားမှုနဲ့ ရှင်သန်ကြီးထွားပြီး ကရုဏာတရားနဲ့ ဦးဆောင်နိုင်မယ်ဆိုတာကို ကျွန်တော်တို့အားလုံးက အပြည့်အဝယုံကြည်နေကြပါတယ်။

**အစဉ်အလာ**

လွတ်လပ်ရေးရချိန်ကတည်းက ကျန်းမာရေးဝန်ကြီးဌာနဟာ မြို့ကြီးတွေမှာရှိတဲ့ ဆေးရုံကြီးတွေကနေ ကျေးလက်ဒေသက ရွှေ့လျားဆေးခန်းတွေအထိ ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့မူဝါဒများကို ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူလျက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ပခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ဆရာဝန်မျိုးဆက်တွေဟာ ဒီတာဝန်ကို အခက်အခဲတွေကြားက လူသားချင်းစာနာမှုနဲ့ ဖွဲ့မလျှော့ဘဲ ဆက်လက်ထမ်းဆောင်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ ဒီတာဝန်ဟာ ဆရာဝန်သစ်လွင်တို့လက်ထဲကို ရောက်ရှိလာပါပြီ။ ၎င်းတို့ဟာ ဒီသမိုင်းထဲကို နောက်ထပ်စာမျက်နှာအသစ်၊ အခန်းအသစ်တစ်ခုကို ရေးသားမယ့်သူတွေအနေနဲ့ ဝင်ရောက်လာပါပြီ။

**နိုင်ငံတော်၊ ပြည်သူတို့နှင့်အတူ**

သစ်လွင်ဆရာဝန်တွေအနေနဲ့ အဖြူရောင်ဂျူတီကုတ်ကိုဝတ်ဆင်တဲ့အချိန်မှာ ဒါဟာ ဝတ်စုံမဟုတ်ဘူး။ ကတိသစ္စာတွေ ဖြစ်တယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဘယ်လိုကတိတွေလဲဆိုတော့ လူတိုင်းကို ဂုဏ်သိက္ခာနဲ့ ကြင်နာစွာဆက်ဆံဖို့ ကတိ၊ သိပ္ပံနည်းကျမှုနဲ့ ကျင့်ဝတ်ကို ဘယ်သူမှမမြင်နိုင်တဲ့ ဆိတ်ကွယ်ရာမှာတောင် ထိန်းသိမ်းဖို့ကတိ၊ စဉ်ဆက်မပြတ်သင်ယူပြီး နှိမ့်ချစွာ ဝန်ဆောင်မှုပေးဖို့ကတိစတာတွေဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူတွေက ဆရာဝန်တွေအပေါ်မှာ အားကိုးနေပါတယ်။ ယုံကြည်မျှော်လင့်နေပါတယ်။ ဒါကြောင့် သစ်လွင်ဆရာဝန်တို့အနေနဲ့ ဒီလမ်းခရီးကို တစ်ယောက်တည်းလျှောက်လှမ်းရမှာမဟုတ်ပါဘူး။ နိုင်ငံတော်၊ ပြည်သူတို့နဲ့အတူ လျှောက်လှမ်းကြရမှာပါ။ နိုင်ငံတော်နဲ့ပြည်သူတွေအနေနဲ့လည်း ကျန်းမာရေးဝန်ထမ်းများရဲ့ တာဝန်ထမ်းဆောင်မှုများကို အထူးပင် အသိအမှတ်ပြုကျေးဇူးတင်နေမှာမလွဲပါဘူး။

> **နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ဓနအင်အားတွေ၊ လက်နက်တွေနဲ့ တိုင်းတာတာမဟုတ်ဘဲ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာတတ်မြောက်မှု၊ ပျော်ရွှင်မှုသုခတို့နဲ့ တိုင်းတာပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေရဲ့ဝန်ဆောင်မှုဟာ နိုင်ငံတည်ဆောက်ရေးဖြစ်ပါတယ်။ ၎င်းတို့ရဲ့လက်တွေနဲ့ နိုင်ငံတော်ကို တည်ဆောက်နေတာဖြစ်ပါတယ်. . .**

**ကွက်လပ်များဖြည့်ဆည်းခြင်း**

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်း အကြောင်းပြချက်အမျိုးမျိုးနဲ့ ပြည်သူ့ဆေးရုံများကို စွန့်ခွာသွားခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်းများကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ဝန်နဲ့အားမမျှတဲ့ အခြေအနေမျိုး ရင်ဆိုင်ခဲ့ကြရပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလစ်ဟာသွားတဲ့နေရာတွေမှာ အမြန်ဖြည့်ဆည်းနိုင်ရေးအတွက် ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ဘွဲ့ရရှိသူများကို သင်တန်းပြီးဆုံးတာနဲ့ ချက်ချင်းလုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ခဲ့ကြရပါတယ်။

ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန် နိုင်ငံတော်အကြီးအကဲရဲ့ **"ဆေးရုံတိုင်းဆရာဝန်ရှိရမည်"** ဆိုတဲ့လမ်းညွှန်ချက်ကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်နှစ်များက နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်များအနေနဲ့ ထိုက်သင့်တဲ့ ဆေးကုသမှုအတွေ့အကြုံများ လေ့လာသင်ယူပြီးတဲ့နောက်မှာ နယ်မြို့များရှိ ပြည်သူ့ဆေးရုံများသို့ ပြောင်းရွှေ့တာဝန်ချထားပေးလျက်ရှိတာကိုလည်း ကြားသိရပါတယ်။ ဒါ့ကြောင့် ၎င်းတို့အနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍမှာ လိုအပ်နေတဲ့နေရာများကို တစ်ဖက်တစ်လမ်းမှ ကွက်လပ်ဖြည့်ဆည်းဆောင်ရွက်နိုင်ကြတာဖြစ်လို့ ဂုဏ်ယူဝမ်းသာကြမှာအမှန်ပဲဖြစ်ပါတယ်။

**နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး**

နိုင်ငံတစ်နိုင်ငံရဲ့အနာဂတ်ဟာ ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ တည်ရှိတာနဲ့အညီ နိုင်ငံတော်အကြီးအကဲက **"ကျန်းမာမှပညာသင်ကြားနိုင်မည်"၊ "ကျန်းမာမှအလုပ်လုပ်နိုင်မည်"၊ "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"** ဟူ၍ လမ်းညွှန်မှာကြားကာ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းထားပါတယ်။ ကျန်းမာရေးဝန်ထမ်းများဟာ ဒီလမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်လျက် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍမှာ တစ်ဖက်တစ်လမ်းမှပါဝင်ကာ ဟန်ချက်ညီညီ ရှေ့သို့ချီတက်နေကြတာကို ဂုဏ်ယူဖွယ်မြင်တွေ့ရပါတယ်။

နိုင်ငံတော်အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးနေတဲ့အပြင် ချီးမြှင့်ငွေနဲ့ စရိတ်မျိုးစုံကို ခံစားခွင့်ရရှိစေရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သစ်လွင်ဆရာဝန်တို့ရဲ့ ပညာဖွံ့ဖြိုးတိုးတက်မှုအတွက် အဆင့်မြင့်လေ့ကျင့်သင်ကြားမှုတွေ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ခေတ်မီဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာတွေကိုလည်း နိုင်ငံတော်အနေနဲ့ ပံ့ပိုးပေးနေပါတယ်။ ဒါ့အပြင် နိုင်ငံတကာသို့ ပညာသင်စေလွှတ်နိုင်မှုအနေနဲ့ ၂၀၂၁ ခုနှစ်မှ ယခုချိန်ထိ ဘွဲ့လွန်သင်တန်းသား ၃၁၈ ဦး စေလွှတ်နိုင်ခဲ့သည့်အပြင် နိုင်ငံတကာကွန်ဖရင့်များ၊ ဆွေးနွေးပွဲများသို့ ၁၉၅၇ ဦးထိ စေလွှတ်နိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းများရဲ့ လုပ်ကိုင်နိုင်စွမ်းတိုးတက်မှုဟာ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို ဓနအင်အားတွေ၊ လက်နက်တွေနဲ့ တိုင်းတာတာမဟုတ်ဘဲ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာတတ်မြောက်မှု၊ ပျော်ရွှင်မှုသုခတို့နဲ့ တိုင်းတာပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုဟာ နိုင်ငံတည်ဆောက်ရေးဖြစ်ပါတယ်။ ၎င်းတို့ရဲ့လက်တွေနဲ့ နိုင်ငံတော်ကိုတည်ဆောက်နေတာဖြစ်ပါတယ်။

**ယုံကြည်မျှော်လင့်မှုများ**

သစ်လွင်ဆရာဝန်တို့အနေနဲ့ ဆူညံပြီးစည်ကားတဲ့ မြို့ကြီးပြကြီးမှဆေးရုံကြီးတစ်ခုမှာတာဝန်ကျတာဖြစ်ဖြစ်၊ ကျေးလက်ဒေသက ဆေးခန်းလေးတစ်ခုမှာ တာဝန်ကျတာဖြစ်ဖြစ် မိမိတို့ကုသပေးတဲ့လူနာတိုင်းဟာ နိုင်ငံတော်တိုးတက်မှုရဲ့ အစိတ်အပိုင်းတစ်ခုပဲဖြစ်တယ်ဆိုတာကို သတိပြုမိစေချင်ပါတယ်။ နှလုံးသားတွေကြည်လင်ပြီး စေတနာပြည့်ဝကာ မိမိတို့ရဲ့ ကျွမ်းကျင်မှုတွေ၊ တာဝန်သိမှုတွေနဲ့အတူ ပြည်သူများကို ကျန်းမာရေးဝန်ဆောင်မှုများပေးအပ်နိုင်လိမ့်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။ ပြည်သူများရဲ့ ကျေးဇူးတင်မှု၊ ယုံကြည်မှုနဲ့ မေတ္တာတရားတွေဟာ အကြီးမားဆုံးသော ဆုလာဘ်ပင်ဖြစ်ပါတယ်။ ဆေးပညာရဲ့ အလင်းရောင်သဖွယ်ဖြစ်တဲ့ မိမိတို့ရဲ့ ကုသပေးနိုင်မှုများဟာ လူများစွာရဲ့ ဘဝများကို ပြောင်းလဲနိုင်တယ်ဆိုတာကိုလည်း အမြဲနှလုံးသွင်းစေချင်ပါတယ်။ အဖြူရောင်ဂျူတီကုတ်များကို လူနာများအားကိုးယုံကြည်ရတဲ့ သမားဂုဏ်အပြည့်နဲ့ ဝတ်ဆင်နိုင်ကြဖို့ကိုလည်း မျှော်လင့်ပါတယ်။

အချုပ်အားဖြင့်ဆိုရလျှင်နိုင်ငံ့ဝန်ထမ်းဆရာဝန်များအနေနဲ့ မိမိတို့ရဲ့ သက်မွေးမှုပညာနှင့် နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းဆရာဝန်တစ်ဦး၏ အောင်မြင်သောဘဝကို တည်ဆောက်နိုင်ကြပါစေကြောင်းနှင့် အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် မွန်မြတ်စိတ်ထားမေတ္တာတရားအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းရွက်ဆောင်နိုင်သူများဖြစ်လာကြမည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

# ကိုယ်စိတ်နှစ်ပါးလန်းဆန်းစေဖို့ သင့်အလုပ်စားပွဲပေါ်မှာ သစ်ပင်စိုက်ပါ

**■ သူငယ်ချင်းအခန်းတွင် ထူးခြားချက်နှစ်ခုတွေ့ခဲ့ရသည်။ တစ်ခုမှာ သူ့အလုပ်စားပွဲပေါ်မှ သစ်ပင်စိုက်ထားသော ပန်းအိုးငယ်တစ်ခု ဖြစ်ပြီး နောက်တစ်ခုမှာ သူ့နောက်ဘက်နံရံတွင် ချိတ်ဆွဲထားသော အလျားတစ်ပေခွဲ၊ အနံတစ်ပေခန့်ရှိသော ဓာတ်ပုံတစ်ပုံဖြစ်သည်။**

**■ သူ့စားပွဲပေါ်မှ ပန်းအိုးငယ်လေးမှာ ဘွန်ဆိုင်းပင်ကဲ့သို့ အမျိုး အမည်မသိ အပင်ပုလေးဖြစ်သည်။ စိမ်းစိုနေသောသစ်ရွက်များဖြင့် ဝေဆာနေပြီး အမြင့်မှာ ၈ လက်မခန့်သာမြင့်သည်။ စားပွဲပေါ်တွင် နေရာမယူလွန်းဘဲ လှပစိမ်းစိုနေသော သစ်ပင်လေးဖြစ်သည်။ ဤ သစ်ပင်လေးကို မြင်လိုက်ရချိန် စိတ်ထဲတွင် လန်းဆန်းသွားသကဲ့သို့ ခံစားရမိသည် . . .**

လူနှင့်အလုပ် အမြဲတွဲဖက်နေသည်။ အလုပ်လုပ်ခြင်းသည် လူ့ဘဝရှင်သန်နေခြင်းပင်ဖြစ်သည်။ ကာယအလုပ်ဖြင့် ဘဝရှင်သန်နေသူများရှိသကဲ့သို့ ဉာဏအလုပ်ဖြင့် စားပွဲတွင်ထိုင်ပြီး အလုပ်လုပ်နေရသူများလည်းရှိကြသည်။

ကာယဖြင့်လုပ်နေရသူများမှာ အလုပ်ချိန်ကြာလာလျှင် ခန္ဓာကိုယ်ပင်ပန်းမှုကို ခံစားကြရသည်။ စားပွဲတွင်ထိုင်ပြီး အလုပ်လုပ်သူများမှာ အများထင်သကဲ့သို့ မသက်သာကြပေ။ အလုပ်စားပွဲတွင် အထိုင်ကြာလာသည်နှင့်အမျှ စိတ်ပင်ပန်းလာရသည်။

ခန္ဓာကိုယ်လည်း အညောင်းမိလာပြီး ခေါင်းအုံ၊ ဇက်ထိုး၊ အကြောတက် စသည့်ရောဂါများ ရလာလေ့ရှိသည်။ အလုပ်စားပွဲတွင် တစ်ပုံတစ်ပင်ရှိနေသော ပင်ပန်းစရာများကြားမှ ဖြေဖျောက်စရာသစ်ပင်လေးတစ်ပင်အကြောင်း ပြောလိုပါသည်။

အကြောတက်ခြင်းအတော်များများတွင် ဇက်ကြောတက်ခြင်းသည် အဖြစ်အများဆုံးဖြစ်သည်။ အလုပ်ချိန်နှစ်နာရီထက်ကျော်ပြီး စာကြည့်၊ စာရေးခြင်းတွင် အာရုံစိုက်ရလျှင် ဇက်ထဲမှတောင့်တင်းပြီး ကြာလျှင် ကိုက်ခဲလာခြင်းကို ဇက်ကြောတက်သည်၊ ဇက်ကြောထိုးသည်ဟု ပြောလေ့ရှိကြသည်။

ဇက်ကြောတက်ရောဂါအချိန်ကြာလာလျှင် အာရုံကြောများကိုပါ ထိခိုက်ပြီး မျက်စိမှုန်လာတတ်သည်။

ဇက်ကြောတက်သည်မှစ၍ မျက်စိမှုန်လာသူများသည် မျက်စိဆရာဝန်နှင့်စမ်းသပ်ပြီး မျက်မှန်တပ်လိုက်သောအခါ အမြင်ကြည်လင်သွားသဖြင့် တစ်ခဏအတွင်း ဇက်ကြောတက်ရောဂါသည် သက်သာသွားသကဲ့သို့ရှိသော်လည်း နောက်ပိုင်းတွင် တက်မြဲပြန်တက်လာသည်ကို တွေ့ရလေ့ရှိသည်။

ထို့ကြောင့် မျက်စိဆရာဝန်ကြီးများကလည်း အနီးကြည့် (စာကြည့်) တစ်နာရီကြည့်ပြီးတိုင်း အဝေးသို့ ၁၀ ပေခန့်လှမ်းကြည့်သင့်သည်။ ဖြစ်နိုင်လျှင် အဝေးမှ စိမ်းလန်းစိုပြည်သောနေရာကိုကြည့်ရလျှင် မျက်စိအာရုံကြောလျော့စေမည်ဟုဆိုသည်။ အစိမ်းရောင်သည် မျက်စိသာမက စိတ်ကိုပါ လန်းဆန်းစေနိုင်သည်။

စိတ်ချမ်းသာမှုကို လူတိုင်းလိုချင်ကြသည်။ အလုပ်ရှုပ်နေလျှင် စိတ်ရှုပ်လာသည်။ စိတ်ရှုပ်ခြင်း၏နောက်တွင် ပင်ပန်းနွမ်းနယ်ခြင်းသည် ရောက်လာစမြဲဖြစ်သည်။

လူပင်ပန်း၊ စိတ်ပင်ပန်းဟု ပြောလေ့ရှိကြသော်လည်း တကယ်တမ်းတွင် စိတ်ပင်ပန်းခြင်းကသာ လူကိုပင်ပန်းစေခြင်းဖြစ်သည်။ မပြီးပြတ်နိုင်သော အလုပ်များကို လုပ်ရသောအခါ၊ အလုပ်နှင့်အချိန်မမျှသောအခါ အချိန်မီမပြီးမည်စိုး၍ စိတ်ပူပန်မှုဖြစ်စေသည်။ ပူပန်ရဖန်များသောအခါ စိတ်ပင်ပန်းလာလေသည်။

အနောက်တိုင်းစိတ်အထူးကုဆရာဝန်ကြီးများ ပြောလေ့ရှိသော စိတ်ကျရောဂါဟူသည်မှာ မနိုင်ဝန်ထမ်းရသူများတွင် အများဆုံးဖြစ်လေ့ရှိသော ရောဂါဖြစ်သည်။

အလုပ်ရှုပ်၊ ပင်ပန်းနွမ်းနယ်သူများအတွက် အနားယူခြင်းဖြင့် သက်သာစေနိုင်မည်ဟု ထင်ရသော်လည်း နောက်ပိုင်းတွင် စိတ်မအေးစရာ အလုပ်တာဝန်ကျန်ခဲ့သူများအတွက် လူကအနားယူနေသော်လည်း စိတ်က အလုပ်သို့ပြန်ရောက်နေသဖြင့် တကယ်တမ်း အနားမရသကဲ့သို့ ဖြစ်နေတတ်သည်။

တချို့သော ငွေကြေးတတ်နိုင်သူများသည် တစ်နှစ်လျှင်တစ်ကြိမ် ခရီးထွက်ပြီး အနားယူအပန်းဖြေလေ့ရှိကြသည်။ အထူးသဖြင့် ရှုခင်းသာယာသော နေရာများ၊ ပင်လယ်ကမ်းခြေများတွင် အနားယူလေ့ရှိကြသည်။

အုန်းပင်များစိမ်းစိုပြီး သာယာလှပသောကမ်းခြေ၌ ဒီရေတက်ချိန်တွင် ပြေးတက်လာသော ရေလှိုင်းကလေးများ၏ ကမ်းသို့ရိုက်ခတ်သံနှင့် ဒီရေဖုံးလွှမ်းသွားသော သဲသောင်ပြင်တို့၏အလှမှာ ရောက်ဖူးသူတို့မှသာ ခံစားတတ်မည်ဖြစ်သည်။ ထိုအချိန်မျိုးတွင် အရာအားလုံး၊ သောကအားလုံးကို မေ့ထားပြီး စိတ်လွတ်ကိုယ်လွတ်အပန်းဖြေနိုင်လျှင် အကောင်းဆုံးပင်ဖြစ်သည်။

ကျွန်တော့်မိတ်ဆွေတစ်ဦး၏ရုံးခန်းသို့ အလုပ်ကိစ္စတစ်ခု အကူအညီတောင်းရန်သွားသောအခါ သူသည် အလွန်အလုပ်ရှုပ်သူဖြစ်ကြောင်း တွေ့ရသည်။

သူ့ရှေ့တွင် လက်မှတ်ထိုးစရာများကလည်း တစ်ပုံတစ်ပင်ရှိနေသည်။ ဖုန်းကလည်းမနားတမ်း၊ တွေ့လိုသူများကလည်း အခန်းပေါက်ဝတွင် တန်းစီစောင့်နေသည်ကို တွေ့ရသည်။ သို့သော် သူ့ကိုကြည့်ရသည်မှာ အလုပ်ရှုပ်နေသော်လည်း စိတ်ရှုပ်နေပုံမပေါ်ဘဲ တက်ကြွရွှင်လန်းလျက်ပင်ရှိသည်။

"လာ ထိုင်သူငယ်ချင်း၊ မတွေ့ရတာကြာပြီကွာ၊ ဘာအကူအညီလိုလဲ၊ လမ်းကြုံလို့ ဝင်လာတာလား" စသည်ဖြင့် ပဋိသန္ထာရစကားကိုဆိုသည်။ ပြုံးပြုံးရွှင်ရွှင်မျက်နှာထားရှိသည်။

မိမိကလိုအပ်သည့်ကိစ္စများကို ပြောပြသည့်အခါ သူတတ်နိုင်သည်ကို ကူညီပေးသည်။ သူမတတ်နိုင်သည့်ကိစ္စများကို မတတ်နိုင်ကြောင်းနှင့် မည်သို့မည်ပုံလုပ်ဆောင်ရမည်၊ မည်သူ့ထံသွားရမည်၊ မည်သည့်အချက်အလက်လိုသည် စသည်ဖြင့် လမ်းညွှန်ပေးသည်။ နယ်မှသူငယ်ချင်းများအကြောင်း၊ ဆွေမျိုးများအကြောင်း သူမေးသမျှ၊ စပ်မိသမျှပြောပြီးနောက် နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ ရာထူးကြီးသော်လည်း ဘဝမမေ့တတ်သည့်သူငယ်ချင်းနှင့် တွေ့ခဲ့ရပြီးအပြန်တွင် ကျေနပ်ပီတိများစွာဖြစ်မိသည်။

ထိုသူငယ်ချင်းအခန်းတွင် ထူးခြားချက်နှစ်ခုတွေ့ခဲ့ရသည်။ တစ်ခုမှာ သူ့အလုပ်စားပွဲပေါ်မှ သစ်ပင်စိုက်ထားသော ပန်းအိုးငယ်တစ်ခုဖြစ်ပြီး နောက်တစ်ခုမှာ သူ့နောက်ဘက်နံရံတွင် ချိတ်ဆွဲထားသော အလျားတစ်ပေခွဲ၊ အနံတစ်ပေခန့်ရှိသော ဓာတ်ပုံတစ်ပုံဖြစ်သည်။

သူ့စားပွဲပေါ်မှ ပန်းအိုးငယ်လေးမှာ ဘွန်ဆိုင်းပင်ကဲ့သို့ အမျိုးအမည်မသိ အပင်ပုလေးဖြစ်သည်။ စိမ်းစိုနေသောသစ်ရွက်များဖြင့် ဝေဆာနေပြီး အမြင့်မှာ ၈ လက်မခန့်သာမြင့်သည်။ စားပွဲပေါ်တွင် နေရာမယူလွန်းဘဲ လှပစိမ်းစိုနေသော သစ်ပင်လေးဖြစ်သည်။ ဤသစ်ပင်လေးကို မြင်လိုက်ရချိန် စိတ်ထဲတွင် လန်းဆန်းသွားသကဲ့သို့ခံစားရမိသည်။

(ဤသစ်ပင်လေးကို သဘောကျလွန်း၍ သူငယ်ချင်းကို ခွင့်တောင်းပြီး ကျွန်တော်၏ဟန်းဖုန်းဖြင့် ဓာတ်ပုံရိုက်ယူခဲ့ပါသည်။) သူ၏ဘယ်ဘက်ရှိနံရံပေါ်တွင် ချိတ်ဆွဲထားသောဓာတ်ပုံမှာ ချောင်းသာကဲ့သို့ ကမ်းခြေတစ်နေရာ၌ မိသားစုနှင့် အပန်းဖြေနေသော ဓာတ်ပုံဖြစ်ပုံရသည်။ ဓာတ်ပုံထဲတွင် ပါသူအားလုံး ပြုံးရွှင်နေကြပြီး မြေးအရွယ်ကလေးငယ်လေးများလည်းပါသည်။

နောက်ခံခပ်လှမ်းလှမ်းတွင် ဘန်ဂလိုတစ်လုံးနှင့် အုန်းပင်စိမ်းစိမ်းများ တန်းစီလျက်ရှိပြီး အားလုံးမှာ ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ မျက်နှာသုတ်ပဝါ၊ တဘက်ထည်များနှင့် ရေကူးရာမှ ပြေးတက်လာပြီး အေးနေ၊ ချမ်းနေချိန် စုပေါင်းရိုက်ထားသောဓာတ်ပုံနှင့်တူသည်။

သူ့ကိုစပ်စုပြီး မမေးမိသော်လည်း ဤဓာတ်ပုံကို ကြည့်လိုက်ရသည်နှင့်ပင် ကိုယ်ပါ ထိုဓာတ်ပုံထဲ ရောက်ရှိသွားပြီး အေးသွား၊ ချမ်းသွားသကဲ့သို့ ခံစားချက်တစ်ခု ဝင်လာပါသည်။ သူအလုပ်များပြီး စိတ်ပင်ပန်းသောအခါတွင် ဤဓာတ်ပုံကို မော့ကြည့်လိုက်ပါက ချောင်းသာသို့ တစ်ဖန်ပြန်ရောက်သွားရသကဲ့သို့ ဖြစ်လေမလားဟု စိတ်ထဲတွင်တွေးမိသည်။

ထိုသူငယ်ချင်း၏ရုံးခန်းမှ ပြန်လာပြီးနောက် သူနှင့်ဆန့်ကျင်ဘက်မိတ်ဆွေတစ်ဦးကို သတိရမိသည်။ ဂေါက်သီးလေ့ကျင့်ရေးကွင်းတစ်ခုတွင် မိတ်ဆွေဆရာဝန်ကြီးတစ်ဦးနှင့်အတူဖြစ်သည်။

ဂေါက်သီးလေ့ကျင့်ရေးကွင်းမှာ ရှေ့တွင် ကိုက် ၅၀၀ ခန့်ရှည်လျားကျယ်ပြန့်သော မြက်ခင်းစိမ်းစိမ်းကွင်းပြင်ကြီးရှိပြီး နောက်ခံမှာ တောင်တန်းတောင်ကုန်းမြင့်များဖြင့် သာယာလှပသောနေရာဖြစ်သည်။ ဂေါက်သီးဗန်းအတွင်းမှ ကယ်ဒီမိန်းကလေးတည်ပေးသောဂေါက်သီးကို မိမိနှစ်သက်ရာဂေါက်တံဖြင့် တစ်လုံးပြီးတစ်လုံးရိုက်ထုတ်ပြီး အကွာအဝေးမည်မျှရောက်ပြီးကျသွားသည်ကို လှမ်းမျှော်ကြည့်ပြီး မျက်စိပသာဒယူနိုင်သည်။

သို့သော် မိမိဘေးခုံမှ ဆရာဝန်၏လက်ကိုင်ဖုန်းမှာ မကြာခဏမြည်နေသည်။ ဆေးရုံမှ သူ၏ကိုယ်ပိုင်ဆေးခန်းမှ မေးသံ၊ ဖြေသံများကို ကြားနေရသည်။ သူ့မှာ ဂေါက်ကွင်းရောက်သော်လည်း အအားမရ၊ နောက်ကအရေးပေါ်ဖုန်းများက လိုက်လာနေသည်။

တစ်ခါတစ်ရံ ကစားနေသည့်ဂေါက်တံကိုကိုင်၍ ခပ်ဝေးဝေးတွင်သွားပြီး ဖုန်းပြောနေသည်။ ပတ်ဝန်းကျင်ကစားသူများကို အားနာ၍ဖြစ်မည်။ သို့သော် သူ့ကြည့်ရသည်မှာ အနားယူသောနေရာမှာပင် အနားမရဖြစ်နေသည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိရုံမျှမက သူ့အစား စိတ်မောမိသည်။

လူ့ဘဝတစ်လျှောက်လုံး အသက်ရှင်နေသမျှ အလုပ်လုပ်နေရမည်ဖြစ်သည်။ တာဝန်သိသူအတွက် အလုပ်ဟူသည်မှာ အိပ်ရာဝင်ချိန်အထိ ရှိနေမည်ဖြစ်သည်။ အလုပ်ပင်ပန်း၊ စိတ်ပင်ပန်းလျှင် ရောဂါရလာတတ်သည်။ အရွယ်ရင့်မှ ရောဂါရလျှင် မဆန်းပါ။ အရွယ်မတိုင်မီ ရောဂါရလျှင် ကိုယ်ဖြစ်ချင်သောဆန္ဒများမှာ အပြီးမသတ်နိုင်ဘဲ ကျန်ခဲ့ရမည်။ ထားခဲ့ရမည်ဖြစ်သည်။

ရခဲလှသည်မှာ လူ့ဘဝဟုဆိုလျှင် ရပြီးနောက်တွင်လည်း ခက်ခဲလှသည်မှာ လူ့ဘဝပင်ဖြစ်သည်။ ကြိုးစားရုန်းကန်ခြင်းများစွာဖြင့် ရင်ဆိုင်ဖြေရှင်းကြသော်လည်း ရတာမလို လိုတာမရဖြင့် အဆုံးသတ်ကြရသူကများသည်။

ပင်ပန်းသမျှ ခံစားကြရသူများရှိသော်လည်း ပင်ပန်းသမျှအရာမထင်ကြသူများလည်းရှိသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသော အကြောင်းတရားများကလည်း နေ့စဉ်တွေ့ကြုံနေမြဲဖြစ်သည်။ မည်သူမျှ ရှောင်လွှဲမရ။ ပင်ပန်းနွမ်းနယ်မှုကို မည်သို့ဖြေဖျောက်မည်နည်း။ အလုပ်ကို တစ်ရက်ပင် ပျက်ရန်မလွယ်။ တစ်နှစ်တစ်ကြိမ်ပင် အပန်းဖြေခရီးထွက်ရန်မလွယ်။

ဤအလုပ် ဤနေရာတွင်ပင် ပိတ်လှောင်နေသကဲ့သို့ ခံစားရသည့်အခါ ထွက်ပေါက်ပေးရန်လိုသည်။ တစ်သက်တာစိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါဟူသောစကားကို သတိရမိပါသည်။

ကျွန်တော့်တွင် သစ်ပင်စိုက်စရာ မြေနေရာလည်း မရှိပါ။ သို့သော် ကျွန်တော့်သူငယ်ချင်းစားပွဲပေါ်မှ သစ်ပင်စိမ်းစိမ်းလေးကို သတိရမိသည်။ ထို့ကြောင့် ကျွန်တော်သည်လည်း ကျွန်တော့်စားပွဲပေါ်တွင် သစ်ပင်စိုက်ပါတော့မည်။

ကြည်လွင်မြင့်(မုဒြာ)

# ပဲခူးမြို့နယ်အတွင်း ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေး အသိပေးရှင်းလင်း



ပဲခူး ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပဲခူးမြို့နယ်အတွင်း ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအသိပေးရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဒေါ်ဝင်းဖြူဖြူက မိမိတို့ရပ်ကွက်၊ ကျေးရွာများအတွင်း အသက် ၁၈ နှစ်အထက် ဆန္ဒမဲပေးခွင့်ရှိသူများအား မဲစာရင်းအမည်ပါရှိရေး၊ မကျန်ခဲ့စေရေးနှင့် အမည်စာရင်းမထပ်စေရေး၊ အိမ်ထောင်စုနှင့်ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မိမိတို့ဌာနဝန်ထမ်းများမှ ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူး ဦးကျော်မြင့်နိုင်က ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်မည့်အခြေအနေအား ရှင်းလင်းပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် အသိပေးဆွေးနွေးပြောကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ခြင်မှဖြစ်ပွားတတ်သော ရောဂါများ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မြဝတီ ဩဂုတ် ၆

ကရင်ပြည်နယ် မြဝတီမြို့တွင် ခြင်မှဖြစ်ပွားတတ်သောရောဂါများ ကင်းဝေးစေရေးအတွက် မြဝတီမြို့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဩဂုတ်လ ၅ ရက် မွန်းလွဲပိုင်းတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗညားဒလလမ်း၌ ကလိုရင်းဆေးခတ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြဝတီမြို့ ကျန်းမာရေးဦးစီးဌာနမှ ဆရာမဒေါ်နန်းသန္တာအေးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်နှစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေတင်ပါဝင်သော ပူးပေါင်းအဖွဲ့တို့က အမှတ်(၃)ရပ်ကွက်ရှိ ရေတွင်း၊ ရေကန်၊ ရေစည်များ၌ ပိုးလောက်လမ်းများ၊ ခြင်များမပေါက်ပွားစေရန်နှင့် ခြင်မှဖြစ်ပွားတတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကလိုရင်း/အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများအား ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများအား ရပ်ကွက်အလိုက် စာသင်ကျောင်းများ၊ လူနေအိမ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

# လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မိတ္ထီလာ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၅ ရက် နံနက်ပိုင်းတွင် ပန်းလေပြေ(ဝန်ဇင်း)ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြသန္တာနှင့် မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်တို့က အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် လက်ရှိမြေအသုံးချမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် လူဦးရေများ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်နေလူမှုဘဝအခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှုအခြေအနေနှင့် ကုန်စည်ဒိုင်များ၏ အနာဂတ်အလားအလာအပါအဝင် မိတ္ထီလာခရိုင် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ၁၃ ခုကို အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများက အဖွဲ့များခွဲ၍ ဆွေးနွေးကြကြောင်း သိရသည်။

(၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၁၀။ | ၁၆:၀၀ | စာပေနှင့်အနုပညာသတင်း |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၁။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၅။ | ၁၁:၀၀ | ပြည်သူ့ကြားကပြည်သူ့စကား | ၁၄။ | ၁၈:၅၀ | စိုက်ပျိုးသုတ |
| ၆။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၅။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး (တရုတ်-မြန်မာအခန်းကဏ္ဍ) အပိုင်း(၁၀-၁၁)** |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး | | | |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ | | | |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို | | | |

## MWD Variety Channel

၇-၈-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၅၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၀:၃၅ | ဖန်တီးသူတို့အနုပညာ |
| ၃။ | ၁၂:၂၀ | Variety Choice |
| ၄။ | ၁၆:၁၅ | ကဗျာအလှ ရသလွှင်ပြင် |
| ၅။ | ၁၇:၄၀ | အားကစားနည်း သမိုင်းကြောင်း |

**သစ်တောသစ်ပင်**
**တို့ချစ်ခင်**
**သစ်ပင်စိုက်ပျိုးဝင်ငွေတိုး**

# မေတ္တာအခါတော်နေ့

❖ ပြည်သာဝတ္ထိ၊ ကျောင်းတော်ရှိရာ
ဇေတဝန်သာဝယ်၊ မြတ်စွာဘုရား
ဟောကြားကမ္မဋ္ဌာန်း၊ စီးဖြန်းပြီးသော်
ရဟန်းတော်ငါးရာ၊ ထွက်ခွာချက်ချင်း
တောအုပ်တွင်း၌၊ ထိုးထွင်းကျင့်ကာ
ဝိပဿနာပွား၊ ကြိုးစားအားထုတ်
တရားအလုပ်ကြောင့်၊ တောအုပ်နေငြား
နတ်အများတို့၊ ခံစားမနိုင်
တူပြိုင်ခြိမ်းခြောက်၊ ကြောက်စိတ်ခံစား
ရဟန်းများတို့၊ ပြန်သွားကြွချီ
ဗုဒ္ဓဆီသို့၊ စုံညီဇာတ်ကြောင်း
ပြန်ပြောင်းလျှောက်ထားခဲ့ကြပြီ။

❖ မြတ်စွာဗုဒ္ဓ၊ သင်ပြဂါထာ
ထိုမေတ္တာသုတ်၊ ရွတ်ခါဖတ်စေ
မိန့်မှာခြွေပြီး၊ ပြန်လေကြွမြန်း
အရင်စခန်းသို့၊ ရဟန်းငါးရာ
ပြန်လာမူလ၊ တောတွင်းကျသော်
ရွတ်ကြဂါထာ၊ ထိုမေတ္တာ၏
ရင်ဝယ်ထိသွား၊ နတ်အများတို့
ရှောင်သွားဖယ်ခွာ နေကြပါ၏။

❖ မေတ္တာတန်ခိုး၊ သူ့တန်ဖိုးဖြင့်
ကောင်းကျိုးကျင့်သွား၊ ရဟန်းများသည်
ထူးခြားမကြာ၊ ရဟန္တာဖြစ်
ဤသနစ်ကို၊ ဖော်လှစ်ကြွေးကြော်
မေတ္တာတော်အစွမ်း အံ့မခန်းတည့်။

❖ ဤသို့ဖော်ထုတ်၊ မေတ္တာသုတ်ကြောင့်
ဟုတ်မှန်လမ်းသိ၊ ပစ္ဆိမဝါ
ကပ်ကြရှာငြား၊ ရဟန်းများ၏
ထင်ရှားဂုဏ်ထူး၊ မေတ္တာဖူးကို
ဖော်ကျူးပါရ၊ အခါသမယသည်
ကြီးစွမေတ္တာ နေ့ထူးတည်း။ ။

**ဘိုမျိုး(ရွှေဘို)**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးနေလင်းအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ၁ နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မျိုးမင်းကြည်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန |
| (၂) ဒေါ်မြမြဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |

# ဝန်ထမ်းအိမ်ရာများအသစ်ပြန်လည် တည်ဆောက်ရေးနှင့်တည်ဆောက်ဆဲလုပ်ငန်း များအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာ ၅၂ လုံး အသစ်ပြန်လည်တည်ဆောက်ရေးနှင့် နေပြည်တော်ကောင်စီ၏ ဆောင်ရွက်ဆဲဝန်ထမ်းအိမ်ရာ ၁၄ လုံး တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ အဆောက်အအုံများ အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ငလျင်ဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရေး၊ အဆောက်အအုံများဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် SOPနှင့်အညီဆောင်ရွက်ရေးနှင့် မြေစမ်းသပ်မှုများစနစ်တကျဆောင်ရွက်ရေး၊ ယာယီအဆောက်အအုံများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းမိသားစုများ ပြန်လည်နေထိုင်နိုင်ရေးအတွက် လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# မဟာလောကမာရဇိန် ကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့်မုခ်ဦးနှင့် ကျောက်စာဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ




မန္တလေး ဩဂုတ် ၆

မင်းတုန်းမင်းတရားကြီးတည်ထားတော်မူခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်မြတ်စွာဘုရား မဟာရံတံတိုင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် မုခ်ဦးနှင့် ကျောက်စာဓမ္မစေတီတော်များ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မဟာလောကမာရဇိန်ကုသိုလ်တော်မြတ်စွာဘုရား၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တကေသရဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ မဟာလောကမာရဇိန်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူခဲ့ကြသည်။ ယနေ့လှူဒါန်းမှုတွင် အလှူရှင်များမှ စုစုပေါင်းလှူဒါန်းငွေကျပ် ၄၉၈၅ သိန်း လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် သည် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်စီးတီး၌ DAGUN International School ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းများဖွင့်ပွဲနှင့် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ပန္နက်တော်တင်အခမ်းအနားကျင်းပ

မုံရွာ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ်ရှိ ဖေယျာနိုင်လွန်ကတ္တရာလမ်းနှင့် သုခမ္မာနိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာလမ်းမုခ်ဦးရှေ့၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ပြီး အဆိုပါလမ်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းရှစ်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော် တောင်ဘက်စောင်းတန်း၌ကျင်းပသည့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ပန္နက်တော်တင်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပန္နက်တော်တိုင်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလှူရှင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်တော်တင် မင်္ဂလာပြုလုပ်၍ သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် စေတီတော်သမိုင်းကျောက်စာတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ပန္နက်တော်တင်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းစက်မှုဇုန်အတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ သုတသုခကွန်ပေါင်းမြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ကွန်ပေါင်း၊ ယူရီးယား၊ ဂျစ်ပ်ဆန်၊ နိုက်ထရိုဂျင်၊ ဓာမဏီနှင့် ဗလတံဆိပ်များဖြင့် ဓာတ်မြေဩဇာအမျိုးမျိုးထုတ်လုပ်နေမှုနှင့် ချယ်ရီပွင့်ပရိဘောဂပစ္စည်းထုတ်လုပ်ရေးစက်ရုံ၌ စားပွဲ၊ ထိုင်ခုံ၊ ခုတင်၊ ဗီရိုအမျိုးမျိုးထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့က အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ကို ကျင့်သုံး၍ အပ်နှင်းသောအမိန့်အရ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် အမိန့် အမိန့်အမှတ်(၃၂/၂၀၂၄)ကို ၁၃-၃-၂၀၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့်စိစစ်ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ ဦးစွာတင်ပြခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားသော AWS+ နှင့် cmapp.tv တို့သည်စိစစ်ရေးအဖွဲ့သို့တင်ပြထားခြင်းမရှိသော ရုပ်ရှင်ဇာတ်ကားများကို ၎င်းတို့၏အက်ပလီကေးရှင်းများတွင် လွှင့်တင်ထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အတွက် AWS+ နှင့် cmapp.tv တို့ကို စည်းမျဉ်းစည်းကမ်းများ မလိုက်နာသဖြင့် ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို အမြဲတမ်းရုပ်သိမ်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူပြီးသူများအနေဖြင့် မိမိတို့လွှင့်တင်သည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြနိုင်ရေးနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသောသူများအနေဖြင့်လည်း ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



## လျှပ်စစ်သုံးမော်တော်ယာဉ်များရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Tharaphu Soe Myint Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Changan Avatr 12 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁၆-၇-၂၀၂၅ ရက်နေ့မှ ၃၁-၇-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>-</td><td>-</td><td>-</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ထားဝယ်မြို့</td><td>-</td><td colspan="3">ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>-</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>-</td><td>-</td><td colspan="2">ကောင်းမွန်</td><td>-</td><td>-</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ကောင်းမွန်</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၂၃/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးကျော်ထင်အား အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဩဂုတ် ၆

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြမည်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ဆရာ၊ ဆရာမများက "ပညာဘဏ်တိုက်စာကြည့်တိုက် "သီချင်းဖြင့် သီဆိုကပြဖျော်ဖြေသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး ဟောပြောပေးကြသော စာရေးဆရာမနုနှင်းသစ်နှင့်စာရေးဆရာ အန်ကယ်ပညာတို့ကို ဂုဏ်ပြုဆုချီးမြှင့်၍ ကျပန်းစကားပြောပြိုင်ပွဲ(အထက်တန်း) အဆင့်တွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူငါးဦးကို ဆုများချီးမြှင့်ကာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က စာစီစာကုံး (အထက်တန်း)အဆင့်တွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူငါးဦးကို ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့်တိုင်းဒေသကြီး ဥပဒေချုပ်၊ အတွင်းရေးမှူးတို့က စာဖတ်စွမ်းရည် (အလယ်တန်း) အဆင့်တွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူငါးဦး၊ စာစီစာကုံး(အလယ်တန်း) အဆင့်တွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူငါးဦး၊ ပုံပြင်ပြောပြိုင်ပွဲ (မူလတန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ဆရာမိုးဒီပညာရွှေပြည်ကုမ္ပဏီလီမိတက်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ထားဝယ်ခရိုင်ရုံးစာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဆရာမိုးဒီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများကကိုယ်တိုင်တီးခတ်၍ "ဘက်စုံပညာဂုဏ်ရည်တို့လှမ်းချီ" သီချင်းဖြင့်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း

# Myanmar Car & Motorcycle Business Co.,Ltd. ၏ SKD မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေး

မော်လမြိုင် ဩဂုတ် ၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ Myanmar Car & Motorcycle Business Co.,Ltd. ၏ ရာနှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် နှစ်ဘီးသုံးဘီးမော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်း အလုပ်ရုံသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်တွင်းထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သော စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာစေရေးနှင့် ပြည်သူများ စီးပွားရေးအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ထုတ်ကုန်ပစ္စည်းများကို စံချိန်မီအရည်အသွေး ထုတ်လုပ်ခြင်း၊ ဈေးနှုန်းမှန်ကန် မျှတစွာရောင်းချခြင်းတို့ အပါအဝင် ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာစေရေး တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပမှရောက်ရှိလာသည့် မော်တော်ဆိုင်ကယ် အစိတ်အပိုင်းများနှင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် EV မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည့် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သွေးသောက်ရပ်ကွက်ရှိ ပြည်မြန်မာကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းသို့ ရောက်ရှိပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖြစ်သည့် ကိတ်မုန့်နှင့်မုန့်မျိုးစုံထုတ်လုပ်ပုံအဆင့်ဆင့်ကိုကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စားသုံးကုန်များထုတ်လုပ်ရာတွင် အဆင့်မီစက်ပစ္စည်းများ အသုံးပြုနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဓာတုဆိုးဆေးများ အသုံးမပြုရေး၊ ထုပ်ပိုးမှုစနစ်တကျ



ရှိစေရေးနှင့်ပြည်သူများသန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက်အလေးထားဆောင်ရွက်သွားရန်မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# (၄၆)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို "သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းအခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်ကျင်းပ



နေပြည်တော် ဩဂုတ် ၆

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာ၌ ဌာနတစ်ခုချင်း၏ လုပ်ငန်းသဘောသဘာဝများ ဆောင်ရွက်ချက်များကို ဆက်စပ်ဌာနများက ကောင်းစွာသိရှိသဖြင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန်၊ လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်အကြံပြုနိုင်ကြရန်နှင့် လိုအပ်ချက်များ အပြန်အလှန်ညှိနှိုင်းဆွေးနွေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လစဉ်ကျင်းပလျက်ရှိသည့် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို(၄၆)ကြိမ်မြောက်အဖြစ် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးစီးဌာနများမှ ပညာရှင်ကိုယ်စားလှယ်များက သီးနှံများ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်း၏ အရေးပါမှု၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းနှင့် အသုံးမပြုခြင်းတို့၏ သီးနှံထုတ်လုပ်မှုတိုးတက်ရေးအပေါ် သက်ရောက်မှုများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် စမ်းသပ်သုတေသနလုပ်ငန်းများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် လက်ရှိသင်ကြားပေးလျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာဆိုင်ရာ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုပုံစံများနှင့် ဆက်လက် တိုးချဲ့သင်ကြားပေးသင့်သည့် သင်ခန်းစာများ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာဝန်ဆောင်မှုလုပ်ငန်းများ၊ စက်ကိရိယာသုတေသနစမ်းသပ်ဆောင်ရွက်ချက်များနှင့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲလာနိုင်စေရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက Online မှ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံ ရွေးကောက်ပွဲသမိုင်း

အောင်ဇေယျ

### ၁၉၄၇ ခုနှစ်ရွေးကောက်ပွဲ

မြန်မာ့ရွေးကောက်ပွဲသမိုင်းတွင် တိုင်းပြုပြည်ပြုလွှတ်တော် (The Constituent Assembly) ရွေးကောက်ပွဲမှာ ပထမဆုံး ရွေးကောက်ပွဲဖြစ်သည်။ အောင်ဆန်း-အက်တလီစာချုပ်အရ ပြုလုပ်သော တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၏ ရည်ရွယ်ချက်မှာ အစိုးရဖွဲ့ရန်မဟုတ်သေးဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန်နှင့် ၎င်းဥပဒေအရ ရွေးကောက်တင်မြှောက်သော ပါလီမန်လွှတ်တော် ပေါ်ပေါက်လာသည်အထိ တိုင်းပြည်ကို ယာယီအုပ်ချုပ်ထိန်းသိမ်းရန်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်သည်။ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်တွေက ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲကြသည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် လွှတ်တော်က အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

လွတ်လပ်ရေးရသည့် ၄-၁-၄၈ ရက်မှ ပထမအကြိမ် ပါလီမန်အစည်းအဝေးထိုင်သည့် ၃-၃-၅၂ ရက်အထိ တိုင်းပြုပြည်ပြုလွှတ်တော်သည် ယာယီပါလီမန်ဟု ဆက်လက်တည်ရှိနေသည်။ ယာယီပါလီမန်က တင်မြှောက်လိုက်သော သမ္မတစဝ်ရွှေသိုက်၏အစိုးရကို ယာယီအစိုးရဟု ခေါ်ဝေါ်ခဲ့သည်။

### ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရွေးကောက်ပွဲများ

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ တွင် “အခြေခံဥပဒေအရကျင်းပသည့် ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ကျင်းပရမည်” ဟု ပြဋ္ဌာန်းထားသည်။ သို့သော် လွတ်လပ်ရေးရပြီး သုံးလအကြာတွင် ပေါ်ပေါက်လာသော ပြည်တွင်းစစ်ကြောင့် ဥပဒေက ပြဋ္ဌာန်းထားသော ကာလအတွင်း ရွေးကောက်ပွဲမကျင်းပဖြစ်ချေ။

ရွေးကောက်ပွဲကျင်းပဖြစ်သောအခါတွင်လည်း တစ်ရက်တည်း တစ်ပြိုင်နက်မကျင်းပနိုင်ဘဲ ၁၂-၆-၅၁ ရက်မှ ၃-၁-၅၂ ရက်အတွင်း သုံးကြိမ်ခွဲ၍ အလီလီကျင်းပပေးခဲ့ရသည်။

ပထမအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော်အစည်းအဝေးကို ၃-၃-၅၂ ရက်မှ ၂၁-၃-၅၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး ဝန်ကြီးချုပ်ဦးနု ဦးဆောင်သော ဖဆပလအစိုးရကို ၁၆-၃-၅၂ ရက်တွင်ဖွဲ့စည်းခဲ့သည်။

ပါလီမန်ဖွဲ့စည်းပုံမှာ ပြည်သူတို့က လူဦးရေအလိုက် အချိုးကျရွေးကောက်တင်မြှောက်သော အမတ်ဦးရေ ၂၅၀ ပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့်လူဦးရေအလိုက်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးအလိုက်နေရာသတ်မှတ်ပေးပြီး ရွေးကောက်တင်မြှောက်သော အမတ် ၁၂၅ ဦးပါဝင်သည့် လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ပါဝင်သည်။

ဒုတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ၂၇-၄-၅၆ ရက်တွင် ကျင်းပခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုကြောင့် မဲဆန္ဒနယ် ၂၅၀ အနက် ၂၂၀ တွင်သာ ရွေးကောက်ပွဲလုပ်နိုင်ခဲ့သည်။ ဖဆပလနှင့် ပမညတပါတီကြီးနှစ်ခုအနက် ဖဆပလကကပ်ပြီး အနိုင်ရသွားသည်။

တတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရက ၆-၂-၆၀ ရက်တွင် ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီကပင် ဖဆပလပါတီကြီးသည် ဦးနုနှင့်သခင်တင်တို့ ဦးဆောင်သော သန့်ရှင်းဖဆပလနှင့် ဦးကျော်ငြိမ်းနှင့်ဦးဘဆွေတို့ ဦးဆောင်သော တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲတွင်လည်း သောင်းကျန်းသူတို့၏နှောင့်ယှက်ခြိမ်းခြောက်မှုကြောင့် မဲဆန္ဒနယ်အချို့တွင် ရွေးကောက်ပွဲမလုပ်နိုင်ခဲ့ချေ။

ရွေးကောက်ပွဲတိုင်းအတွက်ရွေးကောက်ပွဲမင်းကြီးချုပ်နှင့် ရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။

### ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရွေးကောက်ပွဲများ

သန့်ရှင်းဖဆပလကို နာမည်ပြောင်းထားသော ပထစအာဏာရပါတီအစိုးရသည် ပြည်ထောင်စုမှ ခွဲထွက်၍ ဆီးတိုးစာချုပ်အဖွဲ့ (SEATO: South East Asia Treaty Organization) နှင့် ပေါင်းရန်ဖက်ဒရယ်မူဖြင့် ခွဲထွက်ဖို့ လှုပ်ရှားလာသော တိုင်းရင်းသားအဖွဲ့အချို့ကို မထိန်းနိုင်သောကြောင့် တော်လှန်ရေးကောင်စီက ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖျက်သိမ်း၍ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ မာရှယ်လောဖြင့် အုပ်ချုပ်ခဲ့၏။

၃-၁-၁၉၇၄ ရက်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ ရွေးကောက်ပွဲများကို ပြန်လည်ကျင်းပခဲ့သည်။ သို့ရာတွင်ပါတီစုံရွေးကောက်ပွဲမဟုတ်ဘဲ တစ်ပါတီရွေးကောက်ပွဲသာဖြစ်ခဲ့သည်။ လွှတ်တော်နှစ်ရပ်မထားဘဲ ပြည်သူ့လွှတ်တော်တစ်ရပ်သာထားသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှသာဖြစ်ကြပြီး မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သည်။

ဤကာလတွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲလေးကြိမ်ကျင်းပခဲ့သည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲကို ၂၇-၁-၇၄ မှ ၁၀-၂-၇၄ အထိလည်းကောင်း၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်ရွေးကောက်ပွဲများကို ၁-၁-၇၈ မှ ၁၅-၁-၇၈၊ ၄-၁၀-၈၁ မှ ၁၈-၁၀-၈၁ နှင့် ၆-၁၀-၈၅ မှ ၂၀-၁၀-၈၅ ရက်များတွင်လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

**❖ အထွေထွေရွေးကောက်ပွဲများသည် ပြန်လည်အသက်ဝင်လှုပ်ရှားလာပေတော့မည်။ တည်ငြိမ်သော နိုင်ငံရေးအခင်းအကျင်း၊ တည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေး၊ ကျစ်လျစ်ညီညွတ်သော ပြည်တွင်းအင်အား၊ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားတို့ဖြင့် မြန်မာ့ရွေးကောက်ပွဲသမိုင်းသည် အစဉ်အဆက်ရှေ့လျှားနေ . . .**

ရွေးကောက်ပွဲတိုင်းတွင် အစိုးရကရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးသည်။ စတုတ္ထအကြိမ်ရွေးကောက်ပွဲကော်မရှင်ကို ဦးဘဌွေးကခေါင်းဆောင်၍ ဦးကျော်ညွန့်၊ ဦးစန်းမောင်၊ ဦးစောကြာဒိုး၊ ဆရာချယ်တို့က အဖွဲ့ဝင်များဖြစ်ကြသည်။

### ၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရွေးကောက်ပွဲ

ဤကာလအတွင်း ရွေးကောက်ပွဲတစ်ကြိမ်သာ ကျင်းပပေးနိုင်သော်လည်း နောင်ရွေးကောက်ပွဲများအတွက် အဆင်သင့်ဖြစ်နေစေရန်လိုအပ်ချက်များစွာကို ကြိုကြိုတင်တင်လုပ်ကိုင်ပေးခဲ့ကြောင်း တွေ့ရသည်။

မဆလအာဏာရပါတီအစိုးရသည် အထွေထွေကျပ်တည်းမှုကြောင့် ပေါ်ပေါက်လာသော လူထုအုံကြွမှုကို မထိန်းနိုင်သည့်အပြင် ပြည်တွင်းပြည်ပ မြေပေါ်မြေအောက် ပါတီအဖွဲ့အစည်း သောင်းကျန်းသူတို့၏ အန္တရာယ်ကြီးမားလာသောကြောင့် နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ရသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၈-၉-၁၉၈၈ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၈၈ ကို ထုတ်ပြန်သည်။

ထိုကြေညာချက်မှာ (က) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ (ခ) လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ (ဂ) ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိကနှင့် သမဝါယမတို့ ဆောင်ရွက်နိုင်ရန်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ (ဃ) အထက်ပါလုပ်ငန်းများပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရေးဟူ၍ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် တက်လာစကတည်းကပင် ရွေးကောက်ပွဲကျင်းပပေးရန် ရည်မှန်းခဲ့ကြောင်း တွေ့ရသည်။

ရည်မှန်းသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရန် လိုအပ်သော ပြင်ဆင်မှုတွေကိုလုပ်ဆောင်ခဲ့သည်။

ဦးဘဌွေး ခေါင်းဆောင်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်ကို မဖျက်သိမ်းဘဲ ဆက်လက်ထားရှိသည်။ ၂၁-၈-၈၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကိုလည်းကောင်း၊ ၂၇-၉-၈၈ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုလည်းကောင်း၊ ၃၁-၅-၈၉ ရက်တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီများကို ဖွဲ့စည်းခွင့်ပြုခဲ့ရာ ၉၃ ပါတီရှိခဲ့၏။ ၁၉၉၀ ပြည့်နှစ်ထဲတွင်မူ နိုင်ငံရေးပါတီများ စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာ အမိန့်အမှတ်စဉ် ၃/၉၀ ကို ထုတ်ပြန်ခဲ့သည်။

ထို့နောက် ၂၇-၅-၉၀ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း ကျင်းပပေးခဲ့သည်။ ၉၃ ပါတီလုံး ယှဉ်ပြိုင်ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက နိုင်သည်။

**ဤရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနှင့် အချက်နှစ်ချက်တွင် ထူးထူးခြားခြားတူညီနေသည်။ ပထမအချက်မှာပြည်သူ့လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်ပွဲကျင်းပပေးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ရွေးကောက်ပွဲကျင်းပချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိခြင်းဖြစ်သည်။**

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ လွတ်လပ်ရေးအတွက် အရေးဆိုရာ ဗြိတိသျှအစိုးရက တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် သဘောတူညီသည့်တိုင်အောင် မြန်မာနိုင်ငံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမရှိဘဲ လက်လွှတ်စပယ် မပေးခဲ့ချေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်မြောက်ရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဦးစွာခေါ်ယူရသည်။ စိတ်တိုင်းကျအုပ်ချုပ်နိုင်သော တော်လှန်ရေးကောင်စီသည်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးစွာရေးဆွဲအတည်ပြုပြီးမှ ရွေးကောက်ပွဲ၊ လွှတ်တော်နှင့်အစိုးရဖွဲ့ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က **ဗိုလ်ချုပ်လုပ်ခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အရင်ရေးဆွဲပြီးမှ ၎င်းဥပဒေအရ အစိုးရဖွဲ့စေလိုသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးဦးစွာလွှတ်တော်ခေါ်၍ အစိုးရဖွဲ့မည်။ အခြေခံဥပဒေကို နောက်မှရေးဆွဲမည်ဟု အာဏာလွှဲပေးရန် တောင်းဆိုသည်။** ဤအချက်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ သဘောထားကွဲလွဲချက်ဖြစ်လာသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များပါဝင်သော ပြည်သူ့လွှတ်တော်အစည်းအဝေးဖြင့် အခြေခံဥပဒေရေးဆွဲရန် ဖြစ်မလာနိုင်သောအခါတွင် ပြည်သူ့ကိုယ်စားလှယ်အစုအဖွဲ့အစုံအလင်ပါဝင်သော အမျိုးသားညီလာခံဖြင့် အခြေခံမူများချမှတ်ရန် ဆောင်ရွက်ခဲ့သည်။ အမျိုးသားညီလာခံကို ၉-၁-၉၃ ရက်တွင် စတင်ကျင်းပခဲ့သည်။

ညီလာခံသို့ ဦးအောင်ရွှေခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ထို့ပြင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တို့အတွက် အခြေခံမူများချမှတ်ပြီးသည်အထိ ပါဝင်ခဲ့ကြသည်။ ၂၈-၁၁-၉၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားလှယ်အဖွဲ့သည် အကြောင်းပြချက်တစ်ခုဖြင့် အမျိုးသားညီလာခံကို ကျောခိုင်းသွားသည်။

၁၉၉၆ ခုနှစ်ထဲတွင် ညီလာခံကို ယာယီရပ်ဆိုင်းခဲ့သည်။ ၃၀-၈-၂၀၀၃ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်ကိုချမှတ်ကြေညာ၍ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့သည်။

စာမျက်နှာ ၁၄ သို့ ●

● စာမျက်နှာ ၁၃ မှအဆက်

မူဝါဒလမ်းစဉ် (၇) ရပ်မှာ "**ပထမအဆင့်** - အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခြင်း၊ **ဒုတိယအဆင့်** - လိုအပ်သော ဒီမိုကရေစီအခင်းအကျင်းများပြင်ဆင်ခြင်း၊ **တတိယအဆင့်** - အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်း၊ **စတုတ္ထအဆင့်** - အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခြင်း၊ **ပဉ္စမအဆင့်** - အခြေခံဥပဒေနှင့်အညီ ရွေးကောက်ခံလွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲကျင်းပခြင်း၊ **ဆဋ္ဌမအဆင့်** - အခြေခံဥပဒေနှင့်အညီ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း၊ **သတ္တမအဆင့်** - လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်ကဖွဲ့စည်းပေးသော အစိုးရအဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်း" တို့ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းပြမြေပုံ(ဝါ) မူဝါဒလမ်းစဉ် (၇) ရပ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် ၁/၈၈ ၏ ပိုဒ်ခွဲ(ဃ)ကို အသေးစိတ်ထားခြင်းပင်ဖြစ်သည်။

ပထမအဆင့်အရ အမျိုးသားညီလာခံကို ဆက်လက်ကျင်းပခဲ့ရာ ၃-၉-၂၀၀၇ တွင် ပြီးဆုံးခဲ့သည်။ ဒုတိယအဆင့်ကို အချိန်ယူပြင်ဆင်ခဲ့သည်။ တတိယအဆင့်အရ ဦးအောင်တိုး ခေါင်းဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့သည် ညီလာခံမှရရှိသော အခြေခံမူများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ရာ ၁၉-၂-၂၀၀၈ တွင်ပြီးစီးခဲ့သည်။ စတုတ္ထအဆင့်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူ၍ ၂၉-၅-၂၀၀၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

## ၂၀၀၉ နောက်ပိုင်း ရွေးကောက်ပွဲများ

အခြေခံဥပဒေရှိလာပြီဖြစ်သောကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပဉ္စမအဆင့်ဖြစ်သော ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ရက်တွင် ကျင်းပပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် စသည့်လွှတ်တော်သုံးရပ်အတွက် တစ်ပြိုင်နက်တည်း ကျင်းပပေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ရွေးကောက်ပွဲမဝင်ချေ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲအများဆုံးရသည်။ ထို့နောက် ဆဋ္ဌမအဆင့်အဖြစ် လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ခဲ့သည်။ ဆက်လက်၍ သတ္တမအဆင့်ဖြစ်သော လွှတ်တော်က ရွေးကောက်တင်ပြသည့် နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်ကဖွဲ့စည်းပေးသောအစိုးရအဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းများဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ညင်သာချောမွေ့စွာ ကူးပြောင်းရောက်ရှိခဲ့သည်။

ဆက်လက်ကျင်းပသော ရွေးကောက်ပွဲမှာ ကြားဖြတ်ရွေးကောက်ပွဲဖြစ်သည်။ လွှတ်တော်သုံးရပ်တွင် လစ်လပ်သော မဲဆန္ဒနယ် ၄၈ နယ်အတွက် ၁-၄-၂၀၁၂ ရက်တွင် ကျင်းပခဲ့သည်။ ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (၂၀၁၀)ကိုသပိတ်မှောက်ခဲ့သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင်မူ ပါဝင်ခဲ့သည်။ ယင်းပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲဝင်နိုင်ရန် အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဥပဒေကို ဖြေလျှော့ပေးခဲ့သည်။ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိခဲ့သည်။

လွှတ်တော်ပထမသက်တမ်း ငါးနှစ်ပြည့်သောအခါ ဒုတိယသက်တမ်းအတွက် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၁၅ ရက်တွင် ကျင်းပခဲ့သည်။ တစ်လျှောက်လုံး အတိုက်အခံလုပ်လာခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိ၏။ ယင်းပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးဆောင်ရေးဆွဲနိုင်သော အခွင့်အရေး၊ ပါဝင်ဆွေးနွေးနိုင်သော အခွင့်အရေး၊ စောစီးစွာအစိုးရဖွဲ့နိုင်သော အခွင့်အရေးများကို ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် လက်လွှတ်ဆုံးရှုံးခဲ့သည်။ အခုမှ အစိုးရဖွဲ့နိုင်သည်။

လစ်လပ်သွားသော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၉ နေရာ၊ အမျိုးသားလွှတ်တော် ၃ နေရာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ၇ နေရာတို့အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၁-၄-၂၀၁၇ ရက်တွင် ကျင်းပခဲ့သည်။ စုစုပေါင်း လစ်လပ်နေရာ ၁၉ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၉ နေရာ၊ တိုင်းရင်းသားပါတီပေါင်းစုံက ၈ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၂ နေရာ ရရှိကြသည်။

၃-၁၁-၂၀၁၈ ရက်တွင် လွှတ်တော်ဒုတိယသက်တမ်း၏ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ လစ်လပ်သော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၄ နေရာ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁ နေရာ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၈ နေရာ စုစုပေါင်း ၁၃ နေရာအတွက် ၂၄ ပါတီဝင်ရောက်ယှဉ်ပြိုင်ကြသည်။ လစ်လပ်နေရာ ၁၃ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၇ နေရာ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၁ နေရာ၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၁ နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၃ နေရာနှင့် တစ်သီးပုဂ္ဂလ ၁ နေရာ အနိုင်ရရှိကြသည်။

လွှတ်တော်သက်တမ်း ငါးနှစ်ပြည့်သောအခါ တတိယသက်တမ်းအတွက် တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၈-၁၁-၂၀၂၀ ရက်တွင် ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၉၃ ပါတီ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဤရွေးကောက်ပွဲကား မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် အမည်းစက်စွန်းထင်းခဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သည်။ အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် သက်သေခိုင်လုံစွာဖြင့် ဖော်ထုတ်ရရှိသည့် နိုင်ငံတစ်လွှား မဲမသမာမှုကြီးကို မဖြေရှင်းဘဲ လွှတ်တော်ခေါ်ပြီး အစိုးရဖွဲ့ရန် ကြိုးစားခဲ့သည်။ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းခြင်းဖြစ်သဖြင့် ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေ ကြေညာ၍ ပုဒ်မ ၄၁၈ အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံလွှဲအပ်တာဝန်ပေးခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲရလဒ်များလည်း ပယ်ဖျက်ခံခဲ့ရသည်။

ထို့ကြောင့် ၂၀၀၉ ခုနှစ် နောက်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ်နှင့် ကြားဖြတ်ရွေးကောက်ပွဲ ၃ ကြိမ် ပေါင်း ၆ ကြိမ်ကျင်းပခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှ စတင်ရေတွက်ပါက ၂၀၂၀ အထွေထွေရွေးကောက်ပွဲအထိ ၁၅ ကြိမ်သာရှိသေးသည်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

| ခေတ်/ကာလ | ရွေးကောက်ပွဲ | ကျင်းပရက် | ပါတီ | လွှတ်တော် | ခြေဥ |
|---|---|---|---|---|---|
| ကိုလိုနီခေတ် | တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ | ၉-၄-၄၇ | ပါတီစုံ | တစ်ရပ် | မရှိသေး |
| ပါလီမန်ခေတ် (၁၉၄၈-၆၂) | ပါလီမန်အထွေထွေရွေးကောက်ပွဲ | ၁၂-၆-၅၁/ ၃-၁-၅၂ | ပါတီစုံ | နှစ်ရပ် | ၄၇ ခြေဥ |
| | ပါလီမန်အထွေထွေရွေးကောက်ပွဲ | ၂၇-၄-၅၆ | ပါတီစုံ | နှစ်ရပ် | ၄၇ ခြေဥ |
| | ပါလီမန်အထွေထွေရွေးကောက်ပွဲ | ၆-၂-၆၀ | ပါတီစုံ | နှစ်ရပ် | ၄၇ ခြေဥ |
| မဆလခေတ် (၁၉၆၂-၈၈) | ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ | ၂၇-၁-၇၄ မှ ၁၀-၂-၇၄ အထိ | တစ်ပါတီ | တစ်ရပ် | ၇၄ ခြေဥ |
| | ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ | ၁-၁-၇၈ မှ ၁၅-၁-၇၈ | တစ်ပါတီ | တစ်ရပ် | ၇၄ ခြေဥ |
| | ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ | ၄-၁၀-၈၁ မှ ၁၈-၁၀-၈၁ | တစ်ပါတီ | တစ်ရပ် | ၇၄ ခြေဥ |
| | ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ | ၆-၁၀-၈၅ မှ ၂၀-၁၀-၈၅ | တစ်ပါတီ | တစ်ရပ် | ၇၄ ခြေဥ |
| နဝတ/နယက (၁၉၈၈-၂၀၁၀) | ပါတီစုံအထွေထွေရွေးကောက်ပွဲ | ၂၇-၅-၉၀ | ပါတီစုံ | တစ်ရပ် | မရှိသေး |
| ဒီမိုခေတ် (၂၀၁၀---) | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ | ၇-၁၁-၂၀၁၀ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |
| | ကြားဖြတ်ရွေးကောက်ပွဲ | ၁-၄-၂၀၁၂ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |
| | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ | ၈-၁၁-၂၀၁၅ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |
| | ကြားဖြတ်ရွေးကောက်ပွဲ | ၁-၄-၂၀၁၇ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |
| | ကြားဖြတ်ရွေးကောက်ပွဲ | ၃-၁၁-၂၀၁၈ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |
| | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ | ၈-၁၁-၂၀၂၀ | ပါတီစုံ | သုံးရပ် | ၂၀၀၈ ခြေဥ |

တင်ပြခဲ့သောရွေးကောက်ပွဲ ၁၅ ကြိမ်တွင် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်က ရွေးကောက်ပွဲ ၄ ကြိမ်နှင့်နဝတ/နယကခေတ်၁၉၉၀ ရွေးကောက်ပွဲတို့ကို ဖယ်ထုတ်လိုက်လျှင် ၁၉၄၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၇၃ နှစ်အတွင်း ဥပဒေပြုမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ဖော်ဆောင်မည့် ပါတီစုံရွေးကောက်ပွဲမှာ ၉ ကြိမ်သာ ရှိပါသေး၏။

အရေးပေါ်ကာလတာဝန်များ ပြီးဆုံးပြီးသည့်နောက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများသည် ပြန်လည်အသက်ဝင်လှုပ်ရှားလာပေတော့မည်။ တည်ငြိမ်သော နိုင်ငံရေးအခင်းအကျင်း၊ တည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေး၊ ကျစ်လျစ်ညီညွတ်သော ပြည်တွင်းအင်အား၊ အရည်အချင်းပြည့်ဝသော နိုင်ငံရေးသမားတို့ဖြင့် မြန်မာ့ရွေးကောက်ပွဲသမိုင်းသည် အစဉ်အဆက် ရွေ့လျားနေပါစေဟု ဆန္ဒပြုလိုက်ရပေသည်။ ။

# မိတ္ထီလာမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်းအခမ်းအနားကျင်းပ

မိတ္ထီလာ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း(School Milk Program)အခမ်းအနားကို ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ညောင်ကိုင်းစံပြ)၌ ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း(School Milk Program) အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး တာဝန်ရှိသူများက ကျောင်းသား၊ကျောင်းသူများအား နွားနို့နှင့် ကြက်ဥများအား ပေးအပ်သည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ကျောင်းအုပ်ဆရာမကြီးထံ ရုံးသုံးစာရွက်စာတမ်းများ လှူဒါန်းသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးနေမှုအား လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါကျောင်းနေအရွယ်ကလေးများအား နွားနို့တိုက်ကျွေးခြင်း(School Milk Program)ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးတိုးတက်မြင့်မားလာစေရန်၊ ကျောင်းသား၊ကျောင်းသူများ နွားနို့သောက်သုံးသည့် အလေ့အထရှင်သန်တိုးပွားရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ရာ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် တစ်မြို့နယ်လျှင် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ဦးနှုန်းဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ဦး အား တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

(၆၀၂)

# ဝန်ထမ်းများနေထိုင်သည့် Container House များ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး

## ဝန်ထမ်းများယာယီနေထိုင်ရန် Container House နှစ်ခန်းတွဲ ၁၆ လုံး၊ တစ်ခန်းတွဲ ၁၀၇ လုံး စုစုပေါင်း ၁၂၃ လုံး တည်ဆောက်ပေးထား



နေပြည်တော် ဩဂုတ် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရုံးအမှတ် (၂၃)ဝင်းအတွင်း၌ ဝန်ထမ်းများယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များတွင်နေထိုင်သည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျနေထိုင်ရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ရန် မှာကြားပြီး ဝန်ထမ်းအိမ်ထောင်စု ၁၂၃ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းနှင့် ဆိုလာမီးအိမ်တစ်လုံးစီကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့်မိသားစုဝင်များ နေထိုင်မှုအခြေအနေ၊ ရေအိမ်ရေချိုးခန်းများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုနှင့် စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများယာယီနေထိုင်ရန် Container House နှစ်ခန်းတွဲ ၁၆ လုံး၊ တစ်ခန်းတွဲ ၁၀၇ လုံး စုစုပေါင်း ၁၂၃ လုံး တည်ဆောက်ပေးထားကြောင်းသိရသည်။

မြဝတီ

# နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိဟိုတယ်များ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၆

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ ဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ လျှော်ဒဏ်သင့်ဟိုတယ်အဆောက်အအုံနှင့် အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လျှော်ဒဏ်သင့်ဟိုတယ်၊ အဆောက်အအုံများအား ပြုပြင်မွမ်းမံရာတွင် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်ရေး၊ ပြင်ဆင်ဆဲအဆောက်အအုံများ၊ အခန်းများအား အမြန်ပြီးစီးအောင်ဆောင်ရွက်ပြီး ခရီးသွားရာသီမတိုင်မီ အဆင်သင့်ဖြစ်စေရေး၊ ဧည့်သည်များ စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ရန် ဆွဲဆောင်မှုရှိသော အပြင်အဆင်များဆောင်ရွက်ရေး၊ ဝန်ဆောင်မှုကောင်းများဖြင့် နိုင်ငံတကာအဆင့်မီဟိုတယ်များဖြစ်စေရန် ကြိုးပမ်းကြရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်နှင့် အရေးပေါ်ထွက်ပေါက် နေရာပြဆိုင်းဘုတ်များစီစဉ်ထားရှိရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးစားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်များ၌ ဧည့်သည်များအား ဝန်ဆောင်မှုပေးနေမှု၊ ဖွင့်လှစ်ရန်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်ဝင်းအတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရှိသော အော်ဂဲနစ်စိုက်ခင်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်တပ်ဆင်သုံးစွဲနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြဝတီ

# Burmese Golf Amateur Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ




ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှ အဓိကကူညီပံ့ပိုးသော Burmese Golf Amateur Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့ကို ရန်ကုန်ဂေါက်ကွင်း (တည်ဦးကုန်း)၌ ဆက်လက်ပြုလုပ်သည်။

ပြိုင်ပွဲ တတိယနေ့အပြီးတွင် ကောင်းထိုက်ဇော်က သုံးရက်ပေါင်းရိုက်ချက် ၂၁၉ ချက်ဖြင့် ပထမ၊ ကျော်ကိုကိုချစ်က သုံးရက်ပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် ဒုတိယ၊ ချစ်ရင်ထူးက စုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် တတိယအဆင့်တို့တွင် ပြိုင်ပွဲကို ဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်ဦးကုန်း)၌ ဩဂုတ်လ ၄ ရက်မှ ၇ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

လင်းခန့်

**၆-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

● ပဲတီစိမ်းမှ

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ပဲအမျိုးမျိုးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပိုးမွှားအန္တရာယ်ကာကွယ်ရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲစိုက်ပျိုးရေး၊ တောင်သူများအကျိုးစီးပွားဖြစ်ထွန်းစေရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရုံမျှမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် အထွက်နှုန်းကောင်းမွန်ရေးနှင့်တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြို့နယ်အတွင်းရှိ တောင်သူများစိုက်ပျိုးထားသော ပဲတီစိမ်းများမှာ ပျမ်းမျှ ၃၅ ရက် သက်တမ်းဝန်းကျင်ရှိနေကြပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းသိရသည်။

ရွှေသား(IPRD)

➤ မိုးစပါးမှ

ပြန်လည်ရိတ်သိမ်းပြီး ဆောင်းသီးနှံများကို ထပ်မံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းနှင့် လျာထားဧကပြည့်မီကျော်လွန်အောင် ဆက်လက်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ပေါက်ခေါင်းမြို့နယ်တွင် တောင်နဝင်းရေလှောင်တမံကြီးအားအမှီပြု၍ နွေရာသီ၌လည်း သီးနှံစိုက်ပျိုးရန် အဆင်ပြေပြီး စပါးအပြင် မြေပဲ၊ ပြောင်းဖူး၊ ပဲအမျိုးမျိုး အစရှိသည့်သီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင် (ပြန်/ဆက်)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်းအထိ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၄၀၀ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၆၇ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးရန် လိုအပ်သည့်လူနာ ၁၂၉ ဦးတို့ကိုကာကွယ်ဆေးထိုးနှံပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၂၇ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နောင်ချိုမြို့နယ်ရှိအခြေခံပညာကျောင်း၌ကျောင်းသား၊ကျောင်းသူများအားကျောင်းအပ်လက်ခံနေမှုကိုတွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

❍ ကျောဖုံးမှအဆက်

ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်ကိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ(အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် တတိယလုပွဲပြိုင်ပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဩဂုတ်လ ၇ ရက်နံနက် ၉ နာရီမှစတင်၍(အမျိုးသား)လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ်လ ၇ ရက် **(ယနေ့)**အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ခင်မာစီ**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ နဂါးလှေလှော်အားကစားအဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ဩဂုတ်လ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်ပြီး မြန်မာနိုင်ငံနဂါးလှေလှော်အားကစားအဖွဲ့သည် မွန်းလွဲ ၂ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်းသိရသည်။

အဆိုပါ နဂါးလှေလှော်အားကစားအဖွဲ့သည် ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင်ကျင်းပမည့် အမျိုးသား+အမျိုးသမီး (၁၀) တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ ပြိုင်ပွဲ၊ Open (၈) တက်လှော် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ စသည့်ပြိုင်ပွဲများကို အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်းအားကစားသမား ၁၂ ဦးတို့ဖြင့်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ နဂါးလှေလှော်ပြိုင်ပွဲတွင် တရုတ်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ ယူကရိန်း၊ ဟန်ဂေရီ၊ စပိန်၊ ချက်အစရှိသည့်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံနဂါးလှေလှော်အဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် လက်ရည်စစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရကြောင်းနှင့်ကမ္ဘာ့အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်များရရှိရန်အတွက် စခန်းသွင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၅˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# Naypyitaw State Academy အတွင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy သို့ရောက်ရှိပြီး စာကြည့်တိုက်ရှိ စာအုပ်စာရင်းများ စနစ်တကျထားရှိမှု၊ Online Public Access (OPAC) ကက်တလောက်စနစ်၊ Self-check ဖြင့် ကိုယ်တိုင် စာအုပ်များငှားနိုင်သည့်စနစ် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်အသုံးပြုသည့် ကျောင်းသား၊ ကျောင်းသူစာရင်း မှတ်တမ်းများကို ကွန်ပျူတာနှင့် စနစ်တကျထားရှိဆောင်ရွက်ရန်၊ ကျောင်းသား၊ ကျောင်းသူများ ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန်အတွက် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖြည့်ဆည်းထားရှိရေးတို့ကို မှာကြားကာ ပင်မဆောင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် Naypyitaw State Academy အတွင်း ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သတ်မှတ်ထားသည့်ကာလအတွင်း တည်ဆောက်ပြီးစီးရန် မှာကြားပြီး ဘွဲ့နှင်းသဘင်ခန်းမဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လေးထပ်စာသင်ဆောင်ရှိ သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများတွင် စာတွေ့လက်တွေ့သင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ မိမိတို့စိတ်ဝင်စားသည့် ဘာသာရပ်များကို ပိုင်နိုင်စွာ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူခြင်းဖြင့် မိမိတို့၏ အနာဂတ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပြီး ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများကိုလည်း စိတ်ပါဝင်စားစွာဆောင်ရွက်ကြရန် အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများလှူဒါန်း




နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် China Foundation for Rural Development (CFRD)တို့က တရုတ်-မြန်မာချစ်ကြည်ရေးကျောင်းများသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ၊ CFRD အဖွဲ့မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားက ကျောင်းသုံးပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ကျောင်းသား၊ ကျောင်းသူလေးများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြကာ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းများရှိ တရုတ်-မြန်မာချစ်ကြည်ရေး အားကစားကွင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာဆော့ကစားနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# IDP စခန်းများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေး

စစ်တွေ ဩဂုတ် ၆

မိုခါမုန်တိုင်း ဘေးသင့်ဒေသများသို့ ဖြန့်ဖြူးရောင်းချပေးထားသည့် သစ်ခွဲသားများအတွက် တန်ဖိုးကျသင့်ငွေများပေးသွင်းနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက် အထွေထွေမန်နေဂျာက သစ်ဖိုးငွေပေးချေရန်ကျန်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဖြန့်ဖြူးရောင်းချပေးထားသည့် သစ်ခွဲသားများအတွက် တန်ဖိုးကျသင့်ငွေပေးချေရန်ကျန်ရှိမှုနှင့်ပတ်သက်၍ တင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်အကြံပြုဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စစ်တွေ မြို့နယ် မှန်စီကျေးရွာရှိ စီမံခန့်ခွဲမှုအဖွဲ့ရုံးသို့ သွားရောက်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါရုံး၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဆရာဝန်၊ သူနာပြုများက မှန်စီကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ IDP စခန်းများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကင်းစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တင်ထွန်း (ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Dabayin Township grows over 2,000 acres of rain-fed sunflowers



DABAYIN August 6

More than 2,000 acres of sunflowers have been planted in Dabayin Township, YeU District, Sagaing Region, during this year rain crops planting season, according to the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 5,163 acres of sunflowers have been planned to be planted in Dabayin Township, and planting has begun since June this year, and 2,290 acres have been planted to date.

"This year, Dabayin Township has planned to plant 5,000 acres of sunflowers during the rain crops planting season. More than 2,000 acres have been planted to date. We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we will expand the cultivation of sunflower, an oilseed crop. Sunflower, an oilseed crop, has more oil yield per acre than peanuts and sesame. Sunflower is only planted in the winter," said U Zaw Myint Htun, head of Department of Agriculture for YeU District.

SMK

# More than 10,000 acres of tea planted in Sagaing Region this monsoon



SAGAING August 6

According to the data of Sagaing Region Agriculture Department, local farmers planted a total of 11,998 acres of tea as monsoon crops in Sagaing Region this year.

Local authorities earmarked cultivation of 11,954 acres of tea but local farmers planted 11,998 acres of tea exceeding the target cultivation in 2025-2026 monsoon cultivation season.

Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture, stated: "In Sagaing Region, tea is mostly cultivated in Homalin Township. However, due to difficulties in transporting the tea to the Mandalay market, it hasn't gained much prominence yet. The tea itself is of high quality and chemical-free. The Department of Agriculture and local farmers are working together to improve the per-acre yield of crops. Efforts are underway to access the market. We are also collaborating with local businesses in the area to ensure the tea can be sold within the market using advanced packaging systems."

In Sagaing Region, Mawlaik District planted 290 acres of tea, Khamti District 285 acres, Homalin District 9,428 acres, Naga Region 944 acres, Katha District 487 acres and Kawlin District 564 acres, totalling 11,998 acres.

In 2025-2026 monsoon cropping season, Mawlaik District earmarked cultivation of 290 acres of tea, Khamti District 285 acres, Homalin District 9,415 acres, Naga Region 911 acres, Katha District 488 acres and Kawlin District 565 acres, totalling 11,954 acres.

It is reported that both fresh and dried tea produced in Sagaing Region is mainly shipped and sold in the Mandalay market. To improve productivity, tea specialists from the respective township agriculture offices are providing technical training and support directly to the tea farmers.

SK

# Harvest of more than 22,000 acres of summer paddy completes in Shwebo Township

SHWEBO August 6

Statistics of Shwebo Township Agriculture Department of Sagaing Region stated that local farmers have so far harvested more than 22,000 acres of summer paddy in the township.

They planted 64,910 acres of summer paddy in Shwebo Township. So far, they have harvested 22,442 acres of crops, yielding 88.42 baskets per acre.

U San Oo, Head of the Shwebo Township Department of Agriculture, disclosed: "In Shwebo Township, a total of 64,910 acres of summer paddy have been cultivated during this year's summer crop season. The harvest of these paddy fields is currently underway. As of today, more than 22,000 acres have already been harvested. Summer paddy cultivation exceeded the initially planned acreage. Farmers were provided with agricultural techniques, pest prevention knowledge, and guidance to avoid crop losses and to ensure timely post-harvest storage under proper cover."

In Shwebo Township, to help summer paddy farmers increase per-acre yields and achieve production targets, high-quality seeds were distributed, educational pamphlets on farming techniques were handed out, training and awareness sessions were conducted, and efforts were made to provide necessary inputs in a timely manner.

Local farmers were urged to contact the Agriculture Department to make preparations for following the agricultural guidelines on prevention of pests, fulfillment of fertilizers and collection of quality strains of crops in time in order to grow summer paddy and other crops. SMK

# More than 5,000 acres of rain-fed pigeon pea planted in Kyunhla Township

KYUNHLA August 6

Local farmers have grown more than 5,000 acres of rain-fed pigeon pea in Kyunhla Township of Sagiang Region this monsoon, according to the township Agriculture Department.

Local farmers grew a total of 5,215 acres of rain-fed pigeon pea against the target of 11,541 acres of target cultivation in the township in 2025-2026 monsoon cultivation season.

"This year, during the monsoon crop season, over 11,000 acres of pigeon pea are planned to be cultivated in Kyunhla Township. As of today, more than 5,000 acres have already been planted. Efforts are ongoing to meet the targeted acreage. Measures are also being taken to ensure good yield from the pigeon pea crops. Pigeon peas are being grown both as a sole crop and as an intercrop," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

This year in Kyunhla Township, the Township Department of Agriculture is providing guidance to pigeon pea farmers on selecting quality and pure seeds, using proper cultivation methods, preventing pest infestations, and improving crop yields through field-based training and awareness programmes.

Furthermore, the Kyunhla Township Department of Agriculture is promoting the use of blended fertilizers by combining urea with gypsum to reduce the cost of foliar fertilizers for pigeon pea farmers. It is reported that this technique not only lowers cultivation costs but also helps protect the plants from pests and promotes healthy plant growth.

SK

# More than 4,000 banana acres grown in Monywa District this monsoon



MONYWA August 6

In Monywa District of Sagaing Region, local farmers have planted 4,228 acres of banana plantations this monsoon, according to the Monywa District Agriculture Department.

In 2025-2026 monsoon cultivation season, Monywa District authorities earmarked cultivation of 4,228 acres of banana. So far, farmers have planted 135 acres of banana in Monywa Township, 2,696 acres in Budalin Township, 1,332 acres in Ayadaw Township and 65 acres in ChaungU Township, totalling 4,228 acres meeting the target cultivation.

"This monsoon season, Monywa District has planned to cultivate 4,228 acres of banana plants. As of today, 100 percent of the targeted acreage has already been cultivated. Recently, banana cultivation has also been observed in fallow lands. In most cases, pest and disease outbreaks are under control," said Daw San San Myint, Head of the Monywa District Agriculture Department.

Farmers cultivating banana typically plant around 1,000 trees per acre. The cultivation cost per acre can reach up to Ks-2 million, while the income at harvest time can be around Ks-5 million per acre.

The Monywa District Agriculture Department has also been conducting field awareness programs to promote safe crop production. These include discussions on the risks of chemical residues, encouraging the use of registered pesticides according to labeled dosages, and promoting good agricultural practices. **SK**

# More than 15,000 acres of rain-fed green gram planted in Wetlet Township



WETLET August 6

Statistics of Wetlet Township Department of Agriculture stated that local farmers have so far planted more than 15,000 acres of rain-fed green gram in Wetlet Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 38,525 acres of rain-fed green gram in Wetlet Township. Cultivation began in May this year, and as of today, 15,920 acres have already been planted.

"This monsoon crop season, we've planned to grow over 38,000 acres of rain-fed green gram in Wetlet Township. So far, over 15,000 acres have been cultivated. Efforts are ongoing to meet the targeted acreage. There have been awareness programs to encourage expansion of cultivation and the use of quality seeds to ensure good yields," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing green gram farmers with guidance on selecting high-quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic use of fertilizers, and practices to ensure good yields.

Additionally, during this year's monsoon crop season, farmers cultivating various types of pulses are being supported through collaboration with the agriculture department. This includes supplying quality seeds, essential inputs, and post-harvest technology to help improve both yield and quality of the pulse crops. **SMK**

# Kalay District finishes harvest of summer paddy

KALAY August 6

According to data of Kalay District Agriculture Department, local farmers have harvested all sown acreage of summer paddy in Kalay District of Sagaing Region this summer.

In Kalay District, during this year's summer crop season, a total of 3,919 acres of summer paddy were cultivated. Harvesting of these paddy fields began in May and, as of today, all 3,919 acres have been completely harvested—347 acres in Kalay Township and 3,572 acres in Mingin Township. The average yield was 85.08 baskets per acre.

"This year, Kalay District cultivated only 3,919 acres of summer paddy during the summer crop season. At present, 100 percent of the planted acreage has been fully harvested. Cultivation exceeded the initial projected area. Farmers were provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and advice to ensure timely storage of harvested paddy under shelter," said U Aung, Head of the Kalay District Department of Agriculture.

To increase the yield per acre and achieve the target output, good-quality seeds were distributed to summer paddy farmers in Kalay District. Additionally, brochures on farming techniques were distributed, farmer training and awareness sessions were conducted, and necessary inputs were provided in a timely manner.

It is also noted that large-scale farmers were encouraged to coordinate with the Department of Agriculture to prepare in advance for the timely cultivation of summer paddy and other crops after harvesting monsoon paddy and monsoon crops. This includes adhering to pest and disease prevention guidelines issued by the department, carrying out soil nutrient replenishment activities, and stockpiling quality seeds ahead of time.

**SK**

# Vegetables cultivated on more than 1,800 acres of croplands

KALAY August 6

More than 1,800 acres of croplands were placed under vegetables in Kalay Township of Sagaing Region during this monsoon, the Agriculture Department of Kalay Township stated.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 8,040 acres of vegetables in Kalay Township but local farmers have so far planted 1,821 acres of vegetables against the target cultivation.

"This year, during the monsoon crop season, over 8,000 acres of vegetables are planned to be cultivated in Kalay Township. As of today, more than 1,800 acres have already been planted, and cultivation is ongoing. Efforts are being made to ensure that the targeted acreage is fully cultivated. Farmers are being provided with technical assistance to grow all these vegetables using the GAP (Good Agricultural Practices) system. They are also being trained to cultivate with minimal chemical residues and in a health-conscious manner," said Daw Marn Awe, Head of the Kalay Township Department of Agriculture.

This year, the Kalay Township Department of Agriculture is providing technical training to vegetable farmers to grow crops using the GAP system. It is also offering technical support to ensure that the harvested vegetables meet health standards and helping farmers expand their vegetable cultivation.

All seasonal vegetable plantations are thriving in Kalay Township, which generates incomes for local farmers and their families. Officials of the Township Agriculture Department raise farmer awareness how to apply correct agricultural techniques, prevent vests and make natural fertilizers and pesticides in order to reduce agricultural costs.

**SMK**

# Putin and US Envoy witkoff discuss Ukraine and future strategic cooperation

MOSCOW August 6

Russian President Vladimir Putin and US Special Envoy for the Middle East Steve Witkoff have discussed the Ukrainian crisis at a meeting on Wednesday, as well as prospects for the possible development of strategic cooperation between the United States and Russia, Kremlin aide Yuri Ushakov said.

"As for the topics covered, then, first of all, of course, it is the Ukrainian crisis. And the second topic is the prospects for the possible development of strategic cooperation between the United States and Russia," Ushakov told reporters.

Russia has transmitted signals on Ukrainian issue during the meeting between Russian President Vladimir Putin and US Special Envoy for the Middle East Steve Witkoff, as well as received corresponding signals from US President Donald Trump, Ushakov said.

"The current situation is that our president has complete information, that is, our signals, signals from President Trump. And Trump has not yet been informed about the results of this meeting. Therefore, I would refrain from making more detailed comments. Let us see when Witkoff will be able to report on the conversation that took place today to Trump. After that, obviously, we will be able to supplement my comments with something more significant," Ushakov said.

The conversation between Putin and Witkoff was useful and constructive, Ushakov said.

**Sputnik**

# Britain's Birmingham Airport runway temporarily closed following aircraft incident




LONDON August 6

Britain's Birmingham Airport confirmed on its social media channels on Wednesday that its runway has been temporarily closed following an aircraft incident. According to airport police, one person sustained minor injuries.

The emergency involved a small aircraft that carried out an emergency landing at approximately 1:40 p.m. local time. Authorities have not released further details regarding the nature of the incident.

The airport said that passengers already on site will continue to receive updates, while those scheduled to travel later in the day are advised to check the status of their flights before heading to the airport.

This incident comes on the heels of widespread flight disruptions across major British airports last week, which brought air traffic to a standstill.

Birmingham Airport is the seventh-largest airport in the United Kingdom, having handled approximately 11.5 million passengers in 2023, according to figures published on its official website.

**Xinhua**

# Hundreds protest US-Japan 'war alliance' at Hiroshima ceremony

TOKYO August 6

Hundreds of protesters have gathered near the Atomic Bomb Dome in Hiroshima to demonstrate their opposition to nuclear weapons and what they call a US-Japan "war alliance."

Demonstrators chanted anti war slogans during the ceremony at Peace Memorial Park on Wednesday, commemorating the 80th anniversary of the US atomic bombing.

They voiced concerns over Tokyo's ongoing military buildup, including rising defence budgets, large scale US-Japan drills, and its interest in "nuclear sharing" which would allow Washington station its nuclear weapons in non-nuclear states.

Photos and videos posted on social media showed a heavy police presence while demonstrators held placards reading "The Japan US alliance is a war alliance" and "Stop nuclear war."

At some point, the demonstrators tried to stage a sit-in, prompting the officers to try and forcefully remove them after demanding they "leave."

Several videos show police grabbing protesters sitting on the ground. Local media outlets have reported that at least one person was detained for allegedly assaulting a security official during the protest.

The official commemoration ceremony held nearby was attended by Japanese Prime Minister Shigeru Ishiba and Hiroshima Mayor Kazumi Matsui, who unveiled a new list of the 349,246 victims of US atomic bombing.

The previous casualty estimates linked to both strikes put the number of victims at over 200,000, including those, who perished in the strikes and died from their long-term consequences.

**RT**

# 7 members of same family killed in road accident in Bangladesh

DHAKA August 6

As many as seven members of a family, including three children, died in a road accident in Noakhali district in southeastern Bangladesh on Wednesday, a police officer said.

Mobarak Hossain, officer-in-charge of Chandraganj Highway police station, told reporters that a microbus carrying the victims plunged into a roadside canal in Noakhali's Begumganj sub-district when they were returning home after receiving a relative from Hazrat Shahjalal International Airport in Dhaka.

"We suspect the driver fell asleep and lost control of the vehicle, causing it to plunge into a roadside canal," the officer said.

All the victims died on the spot after the road mishap occurred at around 6:00 a.m. local time, he added.

Bangladesh has a high fatality rate for road accidents due to shoddy highways, poorly maintained vehicles, violation of traffic rules by inept drivers, and a lack of monitoring by the traffic department.

**Xinhua**

# Wildfire in southern Spain forces evacuation of over 1,500 people

MADRID August 6

A wildfire that broke out Tuesday afternoon near a campsite in Tarifa, a popular tourist destination in southwestern Spain, continues to burn and has forced the evacuation of over 1,500 people from hotels, campsites, and beach bars.

Antonio Sanz, minister of the Andalusian Regional Government, said 17 aircraft and helicopters supported 11 firefighting units overnight, with additional reinforcements on the way.

The fire reportedly started in a motorhome parked near a hedge at the campsite. Strong winds and extreme heat quickly spread the flames to nearby dry, wooded areas. While the blaze has been brought under control on one side of the highway, it continues to advance southward, posing a threat to additional tourist infrastructure.



Five hotels have been evacuated. A nine-kilometer stretch of highway, which was closed Tuesday due to thick smoke, has reopened, though access to nearby accommodations remains restricted.

Spain remains under a red alert as a heatwave continues, with temperatures exceeding 40 degrees Celsius in many areas. In addition to the fire in Tarifa, two other wildfires remain active in the country's northwest.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Avoiding ultra-processed foods while dieting can double weight loss, finds new study

Consuming a diet low in ultra-processed foods could help supercharge weight loss, promising research suggested today.

Additive-laden foods such as crisps and sweets have been vilified for decades over their supposed risks, with dozens of studies linking them to type 2 diabetes, heart disease and cancer.

Experts have even called for UPFs—typically anything edible that has more artificial ingredients than natural ones—to be slashed from diets.

Now, British scientists who tracked dozens of adults have discovered those who ate a diet rich in minimally processed foods and avoided UPFs, lost twice as much weight as those who often consumed UPFs.

Sticking to meals cooked from scratch could also help curb food cravings, they also found.

However, diets high in UPFs had little impact on blood pressure, heart rate, liver function and cholesterol.



Researchers today argued their findings echoed calls to limit certain types of UPFs but cautioned it also showed that not all UPFs are 'inherently unhealthy'.

Dr Samuel Dicken, an expert in behavioural science and health at University College London and study co-author, said: 'We saw significantly greater weight loss on the minimally processed food diet.

'Previous research has linked ultra-processed foods with poor health outcomes.

'But not all ultra-processed foods are inherently unhealthy based on their nutritional profile.'

In the study, the researchers tracked 50 people who were already consuming diets packed with UPFs and split them into two groups.

Half were given an eight-week diet plan comprising minimally processed foods, such as overnight oats and spaghetti bolognese, while the other half were given foods like breakfast oat bars or lasagne ready meals.

After completing one diet, the groups then switched.


Researchers matched the two diets nutritionally on levels of fat, saturated fat, protein, carbohydrates, salt and fibre using the Eatwell Guide, which outlines recommendations on how to eat a healthy, balanced diet.

They found those on the minimally processed diet lost more weight (2.06 percent) compared to the UPF diet (1.05 percent loss).

The UPF diet also did not result in significant fat loss, the researchers said.

Dr Dicken added: 'Though a 2 percent reduction may not seem very big, that is only over eight weeks and without people trying to actively reduce their intake.

If we scaled these results up over the course of a year, we'd expect to see a 13 percent weight reduction in men and a 9 percent reduction in women on the minimally processed diet, but only a 4 percent weight reduction in men and 5 percent in women after the ultra-processed diet.




'Over time this would start to become a big difference.'

Those on the trial were also asked to complete questionnaires on food cravings before and after starting the diets.

Those eating minimally processed foods had less cravings and were able to resist them better, the study suggests.

However, researchers also measured others markers like blood pressure, heart rate, liver function, glucose levels and cholesterol and found no significant negative impacts of the UPF diet.

The Eatwell Guide recommends the average woman should consume around 2,000 calories a day, while an average man should consume 2,500.

Both diet groups had a calorie deficit, meaning people were eating fewer calories than what they were burning, which helps with weight loss.

However, the deficit was higher from minimally processed foods at around 230 calories a day, compared with 120 calories per day from UPFs.

Professor Rachel Batterham, senior author of the study from the UCL centre for obesity research, said: 'Despite being widely promoted, less than 1 percent of the UK population follows all of the recommendations in the Eatwell Guide, and most people stick to fewer than half.

The best advice to people would be to stick as closely to nutritional guidelines as they can by moderating overall energy intake, limiting intake of salt, sugar and saturated fat, and prioritising high-fibre foods such as fruits, vegeta-bles, pulses and nuts.

Tracy Parker, nutrition lead at the British Heart Foundation, also said: The way this study was designed means it is more reflective of real-world conditions than previous research on UPFs.

The small size of the study is a limitation, and the fact that most participants were women limits how much we can generalise the findings to the general population.

We also can't be certain how closely the diets were followed, as participants self-reported what they ate during the study.

Larger, longer-term studies will be needed to see if the greater weight loss on the minimally processed diets seen here translates into bigger improvements in risk factors, including blood pressure and cholesterol and blood sugar levels, and a reduced risk of developing heart and circulatory diseases.

Completely cutting UPFs out of our diets isn't realistic for most of us.

But including more minimally processed foods—like fresh or home cooked meals—alongside a balanced diet could offer added benefits too. **Mail Online**

# နေရှိတဲ့အရပ်ကို မျက်နှာမူပါ... လယ်ကွင်းထဲမှာဆိုလာတပ်ပါ...

ဆိုလာစွမ်းအင်လို့ခေါ်တဲ့ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုဟာ အခုခေတ်မှာ သိပ်ကိုရေပန်းစားလာပါတယ်။ ဘယ်နေရာကိုပဲကြည့်လိုက်ကြည့်လိုက် ဆိုလာပြားတွေတန်းစီပြီးခင်းထားတာကိုမြင်တွေ့ကြမှာပါ။



နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုမှာ အားသာချက်ရှိသလို အားနည်းချက်လည်းရှိနေပါတယ်။ အဓိက အားနည်းချက်က မြေနေရာလိုအပ်ချက်များတာပေါ့။ သူ့အတွက်နေရာအများကြီး ပေးရလေ့ရှိပါတယ်။ နောက်တစ်ချက်က သမားရိုးကျအားဖြင့်ဆိုရင် ဆိုလာပြားတွေကို အရပ်မျက်နှာတစ်ခုတည်းမှာပဲ လှည့်ထားလို့ရပါတယ်။ ဒါကြောင့် ဆိုလာပြားရဲ့စွမ်းရည်ကို အပြည့်အဝအသုံးမချနိုင်ဘူးဖြစ် နေတာပေါ့။

ဒီအချိန်မှာပဲ တိုကျိုတက္ကသိုလ်မှ သုတေသီများက သူတို့ရဲ့လေ့လာတွေ့ရှိချက်ကို Photonics for Energy ဆိုတဲ့ ဂျာနယ်မှာဖော်ပြလာတာတွေ့ရပါတယ်။ အဲဒါကတော့ ဆိုလာပြားတွေကို နေရာချထားဖို့အတွက် နေရာလည်းမစားသလို ဆိုလာပြားအနေနဲ့ နေရှိရာအရပ်မျက်နှာတိုင်းကို လိုက်ပါမျက်နှာမူနေမယ့် နည်းလမ်းတစ်ခုဖြစ်ပါတယ်။

သူတို့ရဲ့နည်းလမ်းက ဆိုလာပြားတွေကို လယ်ကွင်းပြင်ထဲမှာနေရာချထားခြင်းဖြစ်ပါတယ်။ ဒီလိုနေရာချထားရာမှာလည်း မြေပြင်ကနေ အထက် ၃ မီတာအမြင့်မှာ ဝင်ရိုးနှစ်ခုပါတဲ့တန်းပေါ် ဆိုလာပြားတွေကိုတင်ထားတာဖြစ်ပါတယ်။ ဒီလိုတပ်ဆင်လိုက်ခြင်းအားဖြင့် စပါးပင်တွေကိုလည်းထိခိုက်စေခြင်းမရှိသလို လယ်မြေကိုလည်း အပြည့်အဝအသုံးပြုနိုင်မှာဖြစ်တဲ့အပြင် ဆိုလာပြားရဲ့စွမ်းဆောင်ရည်ကိုလည်း အကောင်းဆုံးအသုံးချနိုင်လာတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိမှုကို များစွာအထောက်အပံ့ဖြစ်စေပါတယ်။

ဒီနေရာမှာ သူတို့အသုံးပြုတဲ့စနစ်မှာ အခြားအားသာချက်တစ်ခုလည်းရှိနေပါသေးတယ်။ ဘာလဲဆိုတော့ စပါးပင်တွေ စတင်စိုက်ပျိုးချိန်နဲ့ ကြီးထွားချိန်မှာ စပါးပင်တွေအပေါ် နေရောင်ခြည်ကောင်းစွာရရှိအောင် ဆိုလာပြားတွေကိုလှည့်ပေးထားမှာဖြစ်ပြီး စပါးရိတ်သိမ်းပြီးချိန်မှာဆိုရင်တော့ ဆိုလာပြားကစွမ်းအားပြည့်အလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။

အခုလက်ရှိ သူတို့ကရှေ့ပြေးစီမံကိန်းအဖြစ်အကောင်အထည်ဖော်နေတာဖြစ်ပြီး ဒီလိုအကောင်အထည်ဖော်မှုမှာတင်ပဲ သူတို့ရဲ့လယ်ကွင်းထဲမှဆိုလာပြားတွေဟာ တစ်နှစ်ကို ကီလိုဝပ်နာရီစုစုပေါင်း ၄၄၀၀၀ နီးပါးထုတ်ပေးနိုင်တာတွေ့ရပါတယ်။

သုတေသီများက ဘာကြောင့်အခုလိုမျိုးစမ်းသပ်မှုတွေလုပ်ရလဲဆိုရင် သူတို့နိုင်ငံမှာ မြေယာရှားပါးမှုဖြစ်နေလို့ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ပြည့်ဖြိုးမြဲစွမ်းအင်ကို ပိုမိုတိုးတက်အသုံးပြုလာရတာကြောင့်ဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# အိမ်ခြေတစ်သန်းကို တစ်နာရီကြာလျှပ်စစ်ဓာတ်အား ပေးနိုင်မယ့် ကမ္ဘာ့စွမ်းအားအမြင့်ဆုံးဘက်ထရီ



ဩစတြေးလျနိုင်ငံမှာရှိတဲ့ Waratah Super Battery အမည်ရှိ လျှပ်စစ်ဓာတ်အားပေးစနစ်ကြီးက စတင်အလုပ်လုပ်နေပြီပဲဖြစ်ပါတယ်။ တရားဝင်အသုံးပြုမှုကိုတော့ ဒီနှစ်အကုန်ပိုင်းမှာလုပ်ဆောင်သွားမှာပါ။ အဲဒီအချိန်ရောက်ရင် ဒီစနစ်ကြီးက ကမ္ဘာပေါ်မှာ စွမ်းအားအမြင့်ဆုံးနဲ့ အကြီးဆုံးသော ဘက်ထရီစနစ်ကြီးဖြစ်လာမှာဖြစ်ပါတယ်။

ဩစတြေးလျအစိုးရအနေနဲ့ နိုင်ငံထဲမှာရှိတဲ့ ကျောက်မီးသွေးစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွေကို ၂၀၃၅ ခုနှစ်အရောက်မှာ အပြီးပိတ်သိမ်းဖို့ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့မဟာဓာတ်အားလိုင်းစနစ်ကိုတည်ငြိမ်စေဖို့အတွက် အခုလိုမျိုးစွမ်းဆောင်ရည်မြင့်မားတဲ့ ဘက်ထရီကိုဖန်တီးလာတာပါ။ BlackRock's Akaysha Energy ကုမ္ပဏီက ဖန်တီးထားတဲ့ အဲဒီဘက်ထရီဟာ မဂ္ဂါဝပ်နာရီစုစုပေါင်း ၁၆၈၀ အထိကိုထုတ်လုပ်ပေးနိုင်မှာဖြစ်တဲ့အတွက် အိမ်ခြေတစ်သန်းကို တစ်နာရီကြာသည်အထိ လျှပ်စစ်ဓာတ်အားပေးထားနိုင်မှာပါ။

အဲဒီဘက်ထရီစနစ်ကြီးကို နယူးဆောက်ဝေးပြည်နယ်မှာတည်ဆောက်ထားတာပါ။ လက်ရှိမှာတော့ မဂ္ဂါဝပ် ၃၅၀ အထိသာထုတ်လုပ်ပေးနိုင်သေးတာဖြစ်ပါတယ်။ ဒီစနစ်ကြီးက မမျှော်လင့်ထားတဲ့အခြေအနေမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ရင် အရန်ဓာတ်အားပေးစနစ်အနေနဲ့ ကောင်းစွာအသုံးဝင်မှာဖြစ်တယ်လို့ နယူးဆောက်ဝေးပြည်နယ်အစိုးရရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

လက်ရှိအချိန်မှာ ဩစတြေးလျအစိုးရအနေနဲ့ အလားတူ ရေမဘက်ထရီစီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော်နေတာရှိပါတယ်။ အဲဒီစီမံကိန်းတွေထဲမှာ မဂ္ဂါဝပ်နာရီပေါင်း ၂၈၀၀ အထိရှိတဲ့ဘက်ထရီစွမ်းအင်စီမံကိန်းလည်း အပါအဝင်ဖြစ်ပါတယ်။ အရင်တုန်းက ဒီလိုမျိုးစွမ်းအင်စီမံကိန်းတွေထဲမှာ ဩစတြေးလျနိုင်ငံက နောက်မှာပဲရှိနေတာပါ။ အခုတော့ ဩစတြေးလျနိုင်ငံက တခြားအင်အားကြီးနိုင်ငံတွေထက် ဒီနေရာမှာသာလွန်သွားပြီပဲဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# လပေါ်မှာ လျှပ်စစ်ဓာတ်အား ၁၀၀ ကီလိုဝပ်ထွက် နျူကလီးယားဓာတ်ပေါင်းဖိုထားမယ့် NASA

NASA ဆိုတဲ့ အမေရိကန်အာကာသအေဂျင်စီကြီးက အာကာသနည်းပညာမှာ ပြိုင်ဘက်တွေဖြစ်တဲ့ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့ထက် ခြေတစ်လှမ်းသာအောင် အစီအစဉ်တစ်ခုကိုအကောင်အထည်ဖော်ဖို့ရှိနေပါတယ်။ အဲဒီအစီအစဉ်ကတော့ လပေါ်မှာနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်သွားမည့်အစီအစဉ်ဖြစ်ပါတယ်။ အဲဒီနျူကလီးယားဓာတ်ပေါင်းဖိုက လျှပ်စစ်ဓာတ်အားပမာဏ ၁၀၀ ကီလိုဝပ်အထိထုတ်လုပ်ပေးနိုင်မယ်လို့ဆိုပါတယ်။

NASA က သူတို့အနေနဲ့ နေအိမ် ၃၃ လုံးအထိကို လျှပ်စစ်ဓာတ်အားပေးနိုင်တဲ့ ကီလိုဝပ် ၄၀ ထွက် အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုကို လပေါ်မှာတည်ဆောက်ဖို့စီစဉ်ခဲ့တာပါ။ ဒါပေမဲ့ နျူကလီးယားဓာတ်ပေါင်းဖိုဆောက်မယ့်အတူတူတော့ လျှပ်စစ်ဓာတ်အားပိုမိုထွက်ရှိတဲ့ဓာတ်ပေါင်းဖိုကိုဆောက်ဖို့အတွက် စဉ်းစားလိုက်ဟန်တူပါတယ်။ ဒါကြောင့်ပဲ ၂၀၃၀ ပြည့်နှစ်ကာလအရောက်မှာ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀၀ ထွက်ရှိတဲ့ ဓာတ်ပေါင်းဖိုကို လပေါ်လွှတ်တင်တည်ဆောက်သွားဖို့ စီစဉ်လိုက်တာပါ။

လပေါ်မှာ ဘာကြောင့်နျူကလီးယားဓာတ်ပေါင်းဖိုကိုတည်ဆောက်ဖို့ ဆုံးဖြတ်ရလဲဆိုရင် လူသားတွေအနေနဲ့ လပေါ်မှာအခြေချတဲ့အခါ ယုံကြည်ကိုးစားရတဲ့ လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ရရှိစေဖို့ဖြစ်တယ်လို့ဆိုပါတယ်။ တကယ်လည်းဟုတ်ပါတယ်။ ဘာကြောင့်လဲဆိုရင် လပေါ်မှာကျတော့ ဆိုလာစွမ်းအင်လိုမျိုး စွမ်းအင်တွေက တည်ငြိမ်မှုမရှိနိုင်ပါဘူး။ ဒါကြောင့်ပဲ နျူကလီးယားစွမ်းအင်ကိုရွေးချယ်ကြတာဖြစ်ပါတယ်။

အခုလက်ရှိ တရုတ်နဲ့ရုရှားတို့ပူးပေါင်းပြီး လပေါ်မှာ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ဖို့လုပ်ဆောင်နေပါတယ်။ ဒီအချိန်မှာ အမေရိကန်ကလည်း လပေါ်မှာနျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ဖို့ကိုလုပ်ဆောင်လာတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**



# ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း သဘာဝဘေးများကြောင့် ကမ္ဘာတစ်ဝန်း၌ ဒေါ်လာ ၁၃၅ ဘီလီယံဆုံးရှုံး



**ဇူးရစ်၊ သဘာဝဘေး**

၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း ဖြစ်ပွားသော သဘာဝဘေးများကြောင့် ကမ္ဘာတစ်ဝန်း၌ စီးပွားရေးအရဆုံးရှုံးမှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံအထိရှိကြောင်း အာမခံကုမ္ပဏီတစ်ခုဖြစ်သည့် Swiss Re ကုမ္ပဏီက ဩဂုတ်လ ၆ ရက်တွင်ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်၏ ပထမနှစ်ဝက်အတွင်း သဘာဝဘေးများကြောင့်ဆုံးရှုံးမှုပမာဏသည် ဒေါ်လာ ၁၂၃ ဘီလီယံသာရှိသည့်အတွက် ယခုနှစ်တွင်ဆုံးရှုံးမှုပမာဏက ပိုမိုများပြားလာခြင်းဖြစ်သည်ကိုတွေ့ရှိရသည်။

ယခုနှစ်ဇန်နဝါရီလတွင် ဖြစ်ပွားသော လော့အိန်ဂျလိမြို့၌ တောမီးလောင်မှုက ဆုံးရှုံးမှုပမာဏအများဆုံးဖြစ်ပြီး အာမခံကုမ္ပဏီများအနေဖြင့် ဒေါ်လာဘီလီယံ ၄၀ အထိပေးလျော်ရကြောင်း Swiss Re ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ မတ်လတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားသော ငလျင်လှုပ်ခတ်မှုသည်လည်း ယခုနှစ်၏ပထမခြောက်လအတွင်း ဆုံးရှုံးမှုအများဆုံးသော သဘာဝဘေးတစ်ခုဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများကိုပင် ရိုက်ခတ်စေခဲ့သည့်ထိုငလျင်ကြောင့် ထိုင်းနိုင်ငံတစ်ခုတည်းမှာပင် အာမခံကုမ္ပဏီများအနေဖြင့် ဒေါ်လာ တစ်ဘီလီယံခွဲအထိလျော်ကြေးပေးရသည်ဟု Swiss Re ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပုံမှန်အားဖြင့် မြောက်အတ္တလန္တိတ် ဟာရီကိန်းရာသီဖြစ်သည့် ဒုတိယနှစ်ဝက်ကာလတွင် ဆုံးရှုံးမှုပမာဏပိုမိုများပြားလေ့ရှိကြောင်း အာမခံကုမ္ပဏီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: AGC**

# အင်ဒိုနီးရှားက အရှေ့တောင်အာရှ၌ တာတိုပစ်အမြင့်ပျံဒုံးကျည် ပထမဆုံးအသုံးပြုသည့်နိုင်ငံဖြစ်လာ

**ဂျကာတာ၊ ပြည်တွင်းရေး**

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ တာတိုပစ်အမြင့်ပျံဒုံးကျည်ကိုပထမဆုံးအသုံးပြုသည့် နိုင်ငံဖြစ်လာကြောင်း အရှေ့ကာလီမန်တန်ပြည်နယ်ရှိ စစ်ရေးဆိုင်ရာ ဝါသနာရှင်များ၏ လူမှုကွန်ရက်တွင်တင်ထားသော သတင်းများအရသိရသည်။

ယခုလအစောပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာတစ်ခုက KHAN ဒုံးကျည်ဓာတ်ပုံများကိုတင်ခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာ ဘလော့များတွင်လည်း အကျယ်တဝင့်ဖော်ပြလာသည့်အပြင် ပြည်တွင်းသတင်းဌာနကြီးတစ်ခုဖြစ်သည့် Kompas တွင်ပါ တရားဝင်ဖော်ပြလာခြင်းဖြစ်သည်။



တူကီယဲနိုင်ငံရှိ Roketsan ကုမ္ပဏီက ထုတ်လုပ်ထားသော အဆိုပါတာတိုပစ်အမြင့်ပျံဒုံးကျည်ကို အရှေ့ကာလီမန်တန်ပြည်နယ်ရှိ စစ်စခန်းတစ်ခု၌ထားရှိခြင်းဖြစ်သည်ကို ဓာတ်ပုံများတွင်တွေ့ရသည်။ ယင်းဒုံးကျည်သည် အလေးချိန်ကီလိုဂရမ် ၂၅၀၀ ရှိပြီး ကီလိုဂရမ် ၄၇၀ ရှိထိပ်ဖူးကို တင်ဆောင်ကာ ကီလိုမီတာ ၂၈၀ ရှိပစ်မှတ်ကိုပစ်ခတ်နိုင်ကြောင်းသိရသည်။ **Ref: AGC**

# အမေရိကန်က ယူကရိန်းပဋိပက္ခမှရုန်းထွက်ရန် ကြိုးပမ်းနေဟုဆို

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်နိုင်ငံသည် ယူကရိန်းပဋိပက္ခမှရုန်းထွက်ရန် အစွမ်းကုန်ကြိုးပမ်းနေကြောင်း သမ္မတဒေါ်နယ်ထရမ့်ကပြောထားသည်။ ယူကရိန်းပဋိပက္ခသည် ယခင်သမ္မတ ဂျိုးဘိုင်ဒင်စခဲ့သည့် စစ်ပွဲသာဖြစ်ကြောင်း၊ ၎င်း၏စစ်ပွဲမဟုတ်ကြောင်း၊ ထို့ကြောင့် အမေရိကန်အနေဖြင့် ယင်းပဋိပက္ခမှရုန်းထွက်မည်ဖြစ်ကြောင်း သတင်းထောက်များ၏မေးမြန်းမှုအပေါ် ထရမ့်က ပြန်ဖြေထားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ကြား ဖြစ်ပွားနေသည့်ပဋိပက္ခပြေငြိမ်းစေရေးအတွက် အပစ်အခတ်ရပ်စဲရေးရရှိရန် နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်းလျက်ရှိရာ ထိုနည်းလမ်းများတွင် ရုရှား၏စီးပွားဖက်နိုင်ငံများအပေါ် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမည်ဟု ပြောဆိုထားမှုများလည်းပါဝင်ကြောင်း သိရသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### ရုရှားသမ္မတပူတင်က ထရမ့်၏ကိုယ်စားလှယ်နှင့် တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုအတွက်ဆွေးနွေး

ရုရှားသမ္မတဗလာဒီမာပူတင်သည် နိုင်ငံသို့ရောက်ရှိနေသော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ကိုယ်စားလှယ်ဖြစ်သည့် ဝစ်ကော့နှင့် ဩဂုတ်လ ၆ ရက်တွင် တွေ့ဆုံ၍နှစ်နိုင်ငံကြားမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်မှုအလားအလာ၊ ယူကရိန်းပဋိပက္ခတို့နှင့် ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်ကြောင်း ရုရှားနိုင်ငံသမ္မတရုံးအဖွဲ့မှ တာဝန်ရှိသူ ယူရီ ယူရှာကော့ကပြောသည်။

ပူတင်နှင့်ဝစ်ကော့တို့ တွေ့ဆုံစဉ် ယူကရိန်းအရေးကိုဦးစွာဆွေးနွေးကြောင်း၊ ထို့နောက်မှသာ ရုရှားနှင့်အမေရိကန်တို့ကြား ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပူတင်အနေဖြင့် ယူကရိန်းကိစ္စနှင့်ပတ်သက်၍ ပြောသင့်ပြောထိုက်သည်များကို ပြောပြထားကြောင်းယူရီယူရှာကော့ကဆက်ပြောသည်။

အလားတူ ဝစ်ကော့ကလည်း ထရမ့်ပေးပို့လိုက်သော သတင်းစကားများကို ပူတင်ထံသို့ပြောကြောင်းနှင့် နှစ်နိုင်ငံကြားဖြစ်နိုင်သည့်အလားအလာများနှင့် ပတ်သက်၍မှတ်ချက်မပြုလိုသေးကြောင်း ၎င်းကပြောထားသည်။ **Ref: Sputnik**

### အိန္ဒိယဝန်ကြီးချုပ်မိုဒီ ခုနစ်နှစ်အတွင်း ပထမဆုံးအဖြစ် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း အစိုးရ၏ သတင်းအရင်းအမြစ်တစ်ခုက ဩဂုတ်လ ၆ ရက်တွင်ပြောသည်။

မိုဒီအနေဖြင့် ဩဂုတ်လ ၃၁ ရက်မှစ၍ တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့တက်ရန် သွားမည်ဖြစ်ကြောင်း ထိုကိစ္စနှင့်ပတ်သက်၍ သိရှိထားသည့် တာဝန်ရှိသူတစ်ဦးက ပြောခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားဆက်ဆံရေးသည် အနည်းငယ်တင်းမာနေစဉ် မိုဒီက တရုတ်နိုင်ငံသို့သွားမည်ဟူသောသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယနိုင်ငံမှသွင်းကုန်များအပေါ် အခွန်နှုန်းထားမြင့်မားစွာကောက်ခံသွားရန် ဆုံးဖြတ်ထားသည့်အပြင် အိန္ဒိယအနေဖြင့် ရုရှားမှရေနံဝယ်လျှင် ဒဏ်ခတ်ခံရမည်ဟု ပြောထားသည်။ **Ref: ST**

### ပြီးခဲ့သည့်နှစ်အတွင်း ဂျပန်နိုင်ငံ၏လူဦးရေ ကိုးသိန်းကျော်ကျဆင်း

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏လူဦးရေသည် ကိုးသိန်းကျော်ကျဆင်းလာကြောင်းနှင့် ယင်းသို့ကျဆင်းမှုသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာဆက်လက်ကျဆင်းလာခြင်းဖြစ်ကြောင်း အစိုးရကထုတ်ပြန်သော အချက်အလက်များတွင်တွေ့ရသည်။

ဂျပန်နိုင်ငံ၌ လူဦးရေအများဆုံးအဖြစ် စံချိန်တင်သည့်နှစ်သည် ၂၀၀၉ ခုနှစ်ဖြစ်ပြီး ယင်းနောက်ပိုင်းတွင် ၁၆ နှစ်ဆက်တိုက် လူဦးရေကျဆင်းမှုဖြစ်ပွားလာရာ ယခုအခါ လူဦးရေစုစုပေါင်း ၆ ဒသမ ၄၂ သန်းအထိကျဆင်းလာပြီဖြစ်သည်။

ယခုကဲ့သို့ လူဦးရေကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ သဘာဝအရ ကျဆင်းခြင်းကြောင့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း မွေးဖွားသူခြောက်သိန်းကျော်ရှိသော်လည်း သေဆုံးသူတစ်သန်းခွဲကျော်ရှိသောကြောင့်အသားတင်ကျဆင်းသွားသည့်လူဦးရေ ကိုးသိန်းကျော်ရှိခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: Xinhua**

### ဟိမဝန္တာ၌ ရုတ်တရက်ရေကြီးပြီးနောက် အိန္ဒိယတပ်မတော်က ရှာဖွေကယ်ဆယ်ရေးပြုလုပ်

ဟိမဝန္တာဒေသ၌ ရုတ်တရက်ရေကြီးမှုဖြစ်ပွားပြီးနောက် အိန္ဒိယတပ်မတော်က အနံ့ခံခွေးများ၊ ဒရုန်းများနှင့် အကြီးစားမြေသယ်၊ မြေတူးစက်များအသုံးပြု၍ ဩဂုတ်လ ၆ ရက်တွင် ရှာဖွေကယ်ဆယ်ရေးပြုလုပ်လျက်ရှိကြောင်းသိရသည်။

ဥတ္တရာခန်းပြည်နယ်ရှိ ဒါရာလီမြို့ထဲသို့ အားပြင်းလှသည့်တောင်ကျရေများ အရှိန်ဖြင့်ဝင်ရောက်ပြီးနောက် အနည်းဆုံးလူလေးဦးသေဆုံးကာ ပျောက်ဆုံးနေသူ အယောက် ၅၀ ကျော်ရှိကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ဩဂုတ်လ ၆ ရက်တွင်ပြောသည်။

လက်ရှိတွင် မုတ်သုံမိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားနေသည့်အပြင် ဖုန်းလိုင်းများပျက်စီးမှုနှင့် ဆက်သွယ်ရေးကန့်သတ်ချက်များကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေးနေရသည်။

ဩဂုတ်လ ၅ ရက်အထိ ပျောက်ဆုံးသူ အယောက် ၁၀၀ ရှိသည်ဟုထုတ်ပြန်ထားရာမှ စစ်သည်များကရှာဖွေကယ်ဆယ်ရေးဝင်ပြီးနောက် ပျောက်ဆုံးနေသူ ၅၀ အထိ လျှော့ချနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: AGC**

# ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



တွံတေး ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) တို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်နှင့် တွံတေးမြို့နယ် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းအုပ်ဆရာကြီး ဦးဝင်းကိုကိုတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးသက်ဦးက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာရေးဆရာဝင်းထွဋ်ဦးက ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၌ ပညာသင်ကြားနေသော ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်း ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်မှ ကျောင်းသား၊ ကျောင်းသူ ၁၄၃ ဦးကို စာဖတ်ခြင်း၏အကျိုးကျေးဇူးအကြောင်း ဟောပြောဆွေးနွေးသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာပြဘုတ်များ ခင်းကျင်းပြသရာ ဆရာ၊ ဆရာမများနှင့် သင်တန်းမှ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# အောင်ပန်းမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်းဆွေးနွေး

အောင်ပန်း ဩဂုတ် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၅ ရက်က အောင်ပန်းမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအေးအေးသန်းက အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်အာကာထွန်းက လူငယ်များ အသိပညာဗဟုသုတများတိုးပွားစေရန်၊ အသိပညာများမျှဝေပေးနိုင်ရန်၊ စကားပြောအတတ်ပညာကျွမ်းကျင်စွာတတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်စေရန်နှင့် လူငယ်အချင်းချင်း တစ်ဦးနှင့်တစ်ဦး အသိပညာများဆွေးနွေးတိုင်ပင်ရာမှ အတွေ့အကြုံကောင်းများစွာ ရရှိနိုင်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အဆိုပါကျောင်းမှ Grade-10 ကျောင်းသူ မနန်းခမ်းဦးက လူငယ်နှင့်စာဖတ်ခြင်း၊ Grade-10 ကျောင်းသူ မဇွန်သော်သော်ဟန်က လူငယ်နှင့်ဆိုရှယ်မီဒီယာ၊ Grade-11 ကျောင်းသား မောင်နန္ဒဝေယံက လူငယ်နှင့်စာရိတ္တ၊ Grade-11 ကျောင်းသား မောင်မင်းခန့်ဇင်က လူငယ်နှင့်မူးယစ်ဆေးဝါးစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး စသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

ညောင်ဦး ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ်လ ၅ ရက်က ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်မွန်သူက ညောင်ဦးခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ငွေစာရင်းထိန်းသိမ်းရာတွင် လွဲမှားမှုမရှိစေရေး၊ ငွေစာရင်းခေါင်းစဉ်အလိုက် မှန်ကန်စွာစာရင်းရေးသွင်းနိုင်ရေးတို့အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင်စာရင်းစစ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းသန်းက ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းညွှန်ကြားချက် (ပုံစံ ဌစ-၁ မှ ပုံစံ ဌစ-၁၆ အထိ) များကို သင်ကြားပို့ချသည်။

အဆိုပါ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းသို့ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ငါ့သရောက်မြို့ရုံးမှဝန်ထမ်းများ တက်ရောက်ကြပြီး ကျောက်ပန်းတောင်းမြို့နယ်ရုံးမှဝန်ထမ်းများက Zoom Application ဖြင့် တက်ရောက်သင်ကြားကြကြောင်း သိရသည်။

ဒီပါလင်း

# ကိုယ်ဝန်ဆောင်မိခင် နို့တိုက်မိခင်နှင့် မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးများ ကျန်းမာသန့်စွမ်းရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ



ကျိုက်လတ် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်နှင့် မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးများ ကျန်းမာသန့်စွမ်းရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်လ ၆ ရက်တွင် ကျိုက်လတ်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန့်ဇော်မောင်က ကိုယ်ဝန်ဆောင်ချိန်မှ မီးဖွားချိန်၊ မီးတွင်းကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်များ၊ မွေးကင်းစမှ အသက်နှစ်နှစ်အထိကလေးများကို ကာကွယ်ဆေးထိုးနှံရန်လိုအပ်ချက်များနှင့် ဗီတာမင်-A နှင့် သန်ချဆေးတိုက်ကျွေးမှုအကြောင်းများအပါအဝင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက နို့တိုက်မိခင်များ၊ အသက်ခြောက်လမှ ၁၁ လ အထိကလေးများ၊ အသက်တစ်နှစ်မှ ငါးနှစ်အထိကလေးများကို ဗီတာမင်-A ဆေးသတ်မှတ်နှုန်းထားအတိုင်း တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် စုစုပေါင်း ၃၆ ဦးအတွက် အိုင်အိုဒင်းဆားနှင့် ကြက်ဥများကို ပံ့ပိုးပေးအပ်ကာ တက်ရောက်လာသူများနှင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကိုလည်း အာဟာရအဖြစ် နို့ဆန်ပြုတ်များ တိုက်ကျွေးသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်နှင့်ကလေးများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

# ငဖဲမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေနှမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီး

ငဖဲ ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် ပြီးခဲ့သည့် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နွေနှမ်း ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ၁၂၇၃၃ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသနှင့်ကိုက်ညီပြီးအထွက်နှုန်းကောင်းမွန်သည့် စမုန်နက် ၄၂၇ ဧက၊ ဆင်းရတနာ(၁၂) ၃၈၅ ဧက နှင့် သိပ္ပံနှမ်းနက်ဧက ၆၃၀ စုစုပေါင်း ၁၄၄၂ ဧက စိုက်ပျိုးပြီး စမုန်နက်နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်မျိုးကို အများဆုံးစိုက်ပျိုးကြကာ အဆိုပါနှမ်းခင်းများကို ဇူလိုင်လက စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ၁၄၄၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ရိတ်သိမ်းပြီးစီးခဲ့သည့် နွေနှမ်း စမုန်နက် ၄၂၇ ဧကတွင် တစ်ဧကလျှင် ၈ ဒသမ ၆၄ တင်းနှုန်းဖြင့် တင်း ၃၆၉၀၊ ဆင်းရတနာ(၁၂) ၃၈၅ ဧကတွင် တစ်ဧကလျှင် ၉ ဒသမ ၁၄ တင်းနှုန်းဖြင့် တင်း ၃၅၂၀၊ သိပ္ပံနှမ်းနက် ဧက ၆၃၀ တွင် တစ်ဧကလျှင် ၈ ဒသမ ၇၇ တင်းနှုန်းဖြင့် ၅၅၂၃ တင်း စုစုပေါင်း နွေနှမ်း ၁၂၇၃၃ တင်း ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေနှမ်းစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေးအတွက် တစ်ဧကအထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသည့် မျိုးကောင်းမျိုးသန့်နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုနှင့်ပိုးသတ်ဆေးများစနစ်တကျသုံးစွဲရေး၊ နှမ်းများအောင်မြင်ဖြစ်ထွန်းရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး စနစ်တကျရိတ်သိမ်းခြွေလှေ့ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)



# ကြံခင်းမြို့၌ မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေးဟောပြော



ကြံခင်း ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၆ ရက်တွင် မြန်မာ့သနပ်ခါးအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တာဝန်ခံဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခင်သဘာဝသနပ်ခါးထုတ်လုပ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတာဝန်ခံဆရာကြီး ဦးအေးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှအသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များနှင့် အများပြည်သူပါဝင်သည့် အထောက်အထားများ ထပ်မံဖြည့်ဆည်း၍ ယခုနှစ်တွင် တစ်နိုင်ငံလုံးဝိုင်းဝန်းကာ ယူနက်စကိုအသိအမှတ်ပြုနိုင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သနပ်ခါးသည် စိတ်ကြည်လင်လန်းဆန်းဖွယ်ရာ သင်းပျံ့သောရနံ့နှင့်ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း၊ အသားအရေကို ချောမွတ်စေခြင်း၊ လှပစေခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသောကြောင့် သနပ်ခါးကို အမြဲလိမ်းကျံခြင်းဖြင့် အမျိုးသမီးများ အသားအရေစိုပြေစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခင်သဘာဝသနပ်ခါးထုတ်လုပ်သူ ဦးတင်မောင်ဝင်းက သနပ်ခါးသည် တိုင်းရင်းဆေးတစ်မျိုးတွင်ပါဝင်ကြောင်းနှင့် သနပ်ခါး၏ဆေးဖက်ဝင်ပုံ၊ အကျိုးအာနိသင်များကို ရှင်းလင်းပြောကြားပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ သနပ်ခါးကမ်ပိန်းပြုလုပ်၍ အပြန်အလှန်သနပ်ခါးလိမ်းခြယ်ကြပြီးနောက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဦးတင်မောင်ဝင်းက သဘာဝသနပ်ခါးများ မေတ္တာလက်ဆောင်ပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင့်ရေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဖြိုးဝေလင်း (ကြံခင်း-ပြန်/ဆက်)

# မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးဇုန်မှ ကြက်ဥများစတင်ဖြန့်ဖြူးရောင်းချ

မကွေး ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဥစားကြက်မွေးမြူရေးဇုန်မှ ကြက်ဥများစတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဥစားကြက်မွေးမြူရေးဇုန်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလက စတင်အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကြက်ခြံ ၃၁ ခြံတွင် ကြက်အကောင်ရေ ၉၀၀၀၀ ကျော် မွေးမြူရန်လျာထားဆောင်ရွက်နေကြောင်း၊ ယခုအခါ အောင်မြန်မာမွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသားတစ်ဦး၏ ဥစားကြက်မွေးမြူရေးခြံမှ ကြက်ဥများကို စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

"ဒီကြက်ခြံမှာ ကြက်အကောင်ရေ ၂၇၀၀ ခန့် မွေးမြူထားပြီး အခုလက်ရှိမှာ တစ်ရက်ကို ကြက်ဥအလုံးရေ ၁၃၅၀ လောက် စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ပါတယ်။ ဥစားကြက်မွေးမြူရေးဇုန်မှာ ကြက်ခြံအတွက်မြေနေရာ၊ ကုန်ထုတ်လမ်းတွေ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးပြီး ကြက်ခြံဆောက်တာနဲ့ မွေးမြူဖို့ကြက်တွေရရှိဖို့အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်က ဆောင်ရွက်ရပါတယ်" ဟု မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မင်းကပြောသည်။

အဆိုပါ ဥစားကြက်မွေးမြူရေးဇုန်ကို တိုင်းဒေသကြီးအတွင်း ကြက်ဥစားသုံးမှုဖူလုံမှုရှိစေရန်၊ ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မကွေးမြို့နယ် ရှားပင်လှကျေးရွာအနီးရှိ မြေဧရိယာ ၄၈ ဒသမ ၀၆ ဧကရှိသော မြေနေရာ၌ အကောင်ထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ရန်ကင်းမြို့နယ်၌ စာသင်ကျောင်းအခြေပြု ငလျင်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေး



ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကျောင်းအခြေပြု ငလျင်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ဩဂုတ်လ ၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးမျိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းက ငလျင်နှင့်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ် ASR level 1, 2 , 3 , 4 , 5 တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မီးဘေးအန္တရာယ်လက်တွေ့သရုပ်ပြခြင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက Power Unit အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် ရေဘေးကယ်ဆယ်ရေးအတွက် Life Jacket ဝတ်ဆင်သရုပ်ပြခြင်း စသည်တို့ကိုသရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးမျိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# စပါးအထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်း သုတေသနစစ်တမ်းကောက်ယူ

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်ရှိ နွေစပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ဦးတည်၍ စပါးအထွက်နှုန်းကွာဟချက်များကိုဆန်းစစ်လေ့လာခြင်း သုတေသနစစ်တမ်းကောက်ယူခြင်းကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတို့တွင် စစ်တမ်းကောက်ယူလျက်ရှိသည့် စာရင်းကောက်ဝန်ထမ်းများနှင့် တောင်သူများကိုတွေ့ဆုံ၍ ယခုဆောင်ရွက်လျက်ရှိသည့် စပါးအထွက်နှုန်းကွာဟချက်များကို စစ်တမ်းကောက်ယူခြင်း သုတေသနသည် စပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဟန့်တားချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ပြဿနာများအပေါ် လူထုအခြေပြုဆောင်ရွက်ရန်လိုအပ်သည့်အတွက် ဖြေဆိုသူတစ်ဦးချင်းစီ၏ မတူညီသောအခက်အခဲများကိုသိရှိနိုင်ရန်လိုအပ်ကြောင်း၊ စာရင်းကောက်ဝန်ထမ်းများနှင့်တောင်သူများ ပူးပေါင်း၍ သီးနှံပုံစံများပြန်လည်တည့်မတ်နိုင်ရေး စနစ်တကျအထူးအလေးထားစီစဉ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

မြဝတီ

# အာရှဖလားခြေစစ်ပွဲ ယူ -၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း တာ့ခ်မင်နစ္စတန်ကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၆

၂၀၂၆ အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲ အုပ်စု(D) ပထမနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို ၆ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်မြန်မာအသင်း နောက်မှလိုက်ကစားရသော်လည်း အဖွင့်လှခဲ့ပြီး တာ့ခ်မင်နစ္စတန်အသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ ပြီးခဲ့သည့် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မျှော်မှန်းထားသလောက်ရလဒ်မကောင်းခဲ့သည့်မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ရန်ကြိုးပမ်းရမည်ဖြစ်ပြီး အဖွင့်ပွဲအနိုင်ရသော်လည်း အင်ဒိုနီးရှား၊ အိန္ဒိယတို့နှင့်ပွဲများတွင် နိုင်ပွဲရယူနိုင်ရန်ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာအသင်းသည် သူဇာအောင်(ဂိုး)၊ မင်းမင်းနု၊ ယုယုနိုင်၊ ခင်မိုးဝင်း၊ နန်းချိုမွှေး၊ နိုင်နိုင်ဝင်း၊ ဝင်းစန္ဒာ၊ ဒေစီအောင်၊ စုစုခင်၊ အိသက်ဖြိုးနှင့်ယဉ်လွန်းအိမ်တို့ကို ပွဲထွက်လူစာရင်းတွင်အသုံးပြုခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် တာ့ခ်မင်နစ္စတန်အသင်း ဂိုးစတင်ရရှိပြီး ထောင့်ကန်ဘောမှ တစ်ဆင့် ဘာဘာယီဗာက ခေါင်းတိုက်ပြီး ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန်ကြိုးပမ်းခဲ့သလို မိုးသည်းထန်စွာ ရွာသွန်းလာသဖြင့် တာ့ခ်မင်နစ္စတန်အသင်း ကစားပုံပျက်သွားပြီး မြန်မာအသင်းအတွက် အခွင့်အရေးဖြစ်လာခဲ့သည်။ ၁၄ မိနစ်တွင် အိသက်ဖြိုးက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းပြီးနောက် ပွဲကိုထိန်းချုပ်နိုင်ခဲ့ကာ ၂၅ မိနစ်၊ ၄၂ မိနစ်တို့တွင် ဒေစီအောင်၊ ၂၈ မိနစ်တွင် အိသက်ဖြိုးတို့က ဂိုးများထပ်သွင်းကာ ပထမပိုင်းအပြီးတွင် ၄ ဂိုး- ၁ ဂိုးဖြင့်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ပွဲကိုထိန်းကစားသွားပြီး ၅၄ မိနစ်တွင် အိသက်ဖြိုး၊ ၆၆ မိနစ်တွင်ယဉ်လွန်းအိမ်တို့က အနိုင်ဂိုးများထပ်မံသွင်းယူကာ ပွဲအပြီးတွင် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ်လ ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

## အာရှဖလားခြေစစ်ပွဲ ယူ- ၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(D)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၆

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ- ၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု(D) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အင်ဒိုနီးရှားဘောလုံးအသင်းတို့သည် ဩဂုတ်လ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ နှင်းဆီလမ်း လမ်းဘေးတစ်နေရာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery (၁၅၀)လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၄၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၃၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၆၇၆) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၇၆၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၅၆၇၆၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၃၁၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့်ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၀၅၇)တန်၊ သစ်မာ (သုည ဒသမ ၁၃၃)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၂၈၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၅ ရက်**တွင် ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့သွားရောက်မည့်မော်တော်ယာဉ် (၁)စီးနှင့်မန္တလေးမြို့မှစစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၀၅၆၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Porter II Pick Up (၁)စီး၊ Mitsubishi Canter Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၆ ရက်**တွင် ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၇၃ ဒသမ ၀၇၄) တန်၊ သစ်မာ (၄ ဒသမ ၉၅၀)တန်၊ အခြားသစ် (၈၅ ဒသမ ၂၅၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၀၀၇၃၇)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ထော်လာဂျီယာဉ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ နေအိမ် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၆၉၃၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၉၇၅၆၇၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၅ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၉)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၀)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၄၀၂၈၅၇၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့်ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ




**ဖခင်အမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ နန်းတော်ကျွန်းကျေးရွာ အ.ထ.က(၁)ဇလွန် Grade-12(C) မှ မချောနန္ဒာဝင်း၏ဖခင်အမည်မှန်မှာ ဦးလှိုင်မင်းဦး ၁၄/ဇလန(နိုင်)၁၀၉၉၃၇ ဖြစ်ပါကြောင်း။ **ဦးလှိုင်မင်းဦး**

**မွေးသက္ကရာဇ်အမှန်**

အထက(၇)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ ဦးသက်လွင်ဦး ၁၄/ပသန(နိုင်)၁၃၃၉၉၉၏သမီး မဆုသီရိလွင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၈-၂၀၀၈) ဖြစ်ပါကြောင်း။ **(၁၅-၈-၂၀၀၈)**

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အလက၊ ကြံ့ဘို၊ Grade-4 မှ ကျောင်းဝင်အမှတ်(၀၂၀၆) အဘ ဦးနိုင်လင်း၏သမီးဖြစ်သူ မငွေဇင်လှိုင်း၏ အမည်မှန်မှာ မငွေစင်လှိုင်းဖြစ်ပါကြောင်း။

**မငွေစင်လှိုင်း**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်း၊ ကန့်မလာကျေးရွာအုပ်စု၊ အလယ်ကျောင်းကျေးရွာတွင် နေထိုင်သော မောင်သိန်းသန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဦး ၁၂/ကခက(နိုင်)၀၁၈၄၂၅ ဖြစ်ပါကြောင်း။

**ဦးဆန်းဦး**

## ရောဝတီတိုင်းဒေသကြီး
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ
## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရောဝတီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရောဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအားဖိတ်ခေါ်အပ်ပါသည်။ **(၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ရောဝတီတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီများမပါ။)**

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၇-၈-၂၀၂၅ ရက်မှ ၁၉-၈-၂၀၂၅ ရက်အထိ |
| (ခ) | တင်ဒါတင်သွင်းရမည့်ရက် | - | ၁၉-၈-၂၀၂၅ ရက်မှ ၂၀-၈-၂၀၂၅ ရက်အထိ **(၁၄:၀၀ နာရီထိ)** |
| (ဂ) | တင်ဒါပိတ်မည့်ရက် | - | ၂၀-၈-၂၀၂၅ ရက် **(၁၄:၀၀ နာရီထိ)** |

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ - ၀၄၂-၂၄၅၅၂(အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၈၉၁(ဘဏ္ဍာရေးဌာန)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရောဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**

**ပျောက်ဆုံးကြောင်း**

မစုစုမြတ်(ဘ)ဦးအောင်ဆန်းဦး ၇/ဝမန(နိုင်)၂၀၀၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**

PEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-10 မှ ဦးခိုင်စိုးလင်း ၁၄/မအန(နိုင်)၀၀၄၇၇၄၏သမီး မခိုင်ဇင်လင်းလက်အား မချောနန္ဒာနွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မချောနန္ဒာနွယ်**

**ပျောက်ဆုံးကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်နေ မမှုးပြည့်စုံစိုး(ဘ)ဦးသန်းစိုး ၁၄/ဇလန(နိုင်)၁၆၉၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၇၆၃၅၃၁၀

**ပျောက်ဆုံးကြောင်း**

ကျောက်မဲမြို့နယ်မြေ(၈)၊ ရပ်ကွက်(၇)နေ မောင်မျိုးမင်းဦး(ဘ)ဦးမောင်ဆန်း ၁၃/ကမန(နိုင်)၁၄၂၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၃၄၃၀၇

**ပျောက်ဆုံးကြောင်း**

မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာနေ မောင်မွန်ချမ်း(ဘ)ဦးစန်းအောင် ၁၀/မဒန(နိုင်)၂၂၆၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 776875)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့၊ အထက(၅)အနီးနေ စောဟေး(လ်)ဒရက်(ဘ)ဦးလောအယ် ၁၄/ပသန(နိုင်)၁၆၉၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၆၈၃၁၅၀၀

**ပျောက်ဆုံးကြောင်း**

ရောဝတီတိုင်းဒေသကြီး၊ ငသိုင်းချောင်းမြို့နယ်၊ ဆားတော်ကွင်းလျားကျေးရွာနေ အိသူလွင်(ဘ)ဦးမောင်မောင်လွင် ၁၄/ငသခ(နိုင်)၀၁၅၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၄၅၄၉၂၀၇၂၁

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ချစ်ကြည်ရေးလမ်း၊ (၄)ရပ်ကွက်နေ စန်းမင်းဦး(ဘ)ဦးမင်းပန်းမွေး ၃/မဝတ(နိုင်)၀၄၂၄၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၉၃၃၆၁

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ချစ်ကြည်ရေးလမ်း၊ (၄)ရပ်ကွက်နေ သီတာစန်း(ဘ)ဦးငွေကြည် ၃/မဝတ(နိုင်)၀၁၈၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၉၃၃၆၁

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ချစ်ကြည်ရေးလမ်း၊ (၄)ရပ်ကွက်နေ မင်းပန်းမွေး(ဘ)ဦးဒွန်း ၃/ဘအန(နိုင်)၀၄၃၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၉၃၃၆၁

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၃၇၂၊ ဣန္ဒာ(၅)လမ်း၊ (ဓ)ရပ်ကွက်နေ အိအိခိုင်(ဘ)ဦးသိန်းဆိုင် ၁၂/ဥကမ(နိုင်)၁၇၆၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၆၆၃၆၁၉၇

**ပျောက်ဆုံးကြောင်း**

ဦးကျော်မင်းလှိုင်(ဘ)ဦးမြင့်သိန်း ၉/မခန(နိုင်)၁၆၅၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၂၈၀၈၀၈၇

**ပျောက်ဆုံးကြောင်း**


ဦးစိုင်းလင်း(ဘ)ဦးရှက်ဟိန်း ၁/မထတ(နိုင်)၀၅၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 197139)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ဖခင်အမည်မှန်**

သုခဝတီအခြေခံပညာအထက်တန်းကျောင်း Grade-12 မှ ပညာသင်ကြားနေသော မလှဒေဝီ၏ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၇/ဖမန(နိုင်)၀၅၄၆၂၆ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်**




## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ရုံးသုံးစက်ကိရိယာပစ္စည်းနှင့် အခြားရုံးသုံးပစ္စည်း
## ဝယ်ယူရန် ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနတွင်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Light Box For Backdrop(1 No)

(ခ) ရုပ်တု(ကျား၊ မ)(30 Sets)

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | - | (၁၁-၈-၂၀၂၅ ရက်မှ ၂၂-၈-၂၀၂၅ ရက်အထိ) ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီ(ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာ လက်ခံမည့်ရက် | - | (၁၁-၈-၂၀၂၅ ရက်မှ ၂၇-၈-၂၀၂၅ ရက်အထိ) ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီ(ရုံးချိန်အတွင်း) |

၄။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက်ဝယ်ယူ/တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## အလုပ်သမားဝန်ကြီးဌာန
## (စာချုပ်ဆေးဆိုင်တင်ဒါသက်တမ်းတိုးမြှင့်ခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ လူမှုဖူလုံရေးအဖွဲ့၏ စာချုပ်ဆေးဆိုင်နှစ်ဆင့်တင်ဒါပိတ်ရက်အား အောက်ပါအတိုင်း တင်ဒါသက်တမ်းတိုးမြှင့်လိုက်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် နေ့ရက်၊ အချိန် | - | ၁၅-၈-၂၀၂၅ ရက်နေ့(၁၆:၃၀)နာရီ |
| (ခ) | တင်ဒါတင်သွင်းရမည့်နေရာ | - | လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |

၂။ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ www.mol.gov.mm Website တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၁၆၊ ၀၉-၂၅၄၅၂၆၆၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ တင်ဒါကော်မတီ**

# ပရီးမီးယားလိဂ်၏ လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှု အသားတင်အသုံးစရိတ်အများဆုံးအသင်းများတွင် အာဆင်နယ်အသင်း ထိပ်ဆုံး၌ရပ်တည်



လန်ဒန် ဩဂုတ် ၆

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှု အသားတင်အသုံးစရိတ်အများဆုံးအသင်းအဖြစ် အာဆင်နယ်အသင်းက ထိပ်ဆုံး၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ဇူဘီမန်ဒီ၊ မာဒီအီကီနှင့် ယော်ကာရက်စ်တို့အပါအဝင် ကစားသမားသစ်များကို ပေါင် ၁၉၂ ဒသမ ၆ သန်းဖြင့် ခေါ်ယူခဲ့ပြီး အသင်း၏ ကစားသမားရောင်းချမှုမှ ပေါင် ၆ ဒသမ ၉ သန်းသာပြန်လည်ရရှိခဲ့ခြင်းကြောင့် ၎င်းတို့၏အသားတင်အသုံးစရိတ်သည် ပေါင် ၁၈၅ ဒသမ ၇ သန်းအထိ ရှိထားသည်။

ထို့ပြင် ပရီးမီးယားလိဂ် လက်ရှိချန်ပီယံ လီဗာပူးအသင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ဂျာမန်လူငယ်ကစားသမား ဖလော်ရီယန်ဗာ့ဇ်ကို ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၁၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းအပါအဝင် ဖရင်းပေါင်၊ ကာကက်ဇ်နှင့် အက်ကီတီကီတို့ကဲ့သို့ ကစားသမားသစ်ခေါ်ယူမှုအတွက် ပေါင် ၂၅၂ ဒသမ ၂ သန်း အသုံးပြုခဲ့သော်လည်း အသင်း၏ ကစားသမားများဖြစ်ကြသော လူးဝစ်ဒီယက်ဇ်၊ ကွန်ဆာ၊ ကယ်လက်ဟာ၊ အာနိုးနှင့် နက်ဖိလစ်တို့ကို ရောင်းချခဲ့ခြင်းမှ ပေါင် ၁၁၄ ဒသမ ၅ သန်း ပြန်လည်ရရှိခဲ့ပြီး အသင်း၏အသားတင်အသုံးစရိတ်သည် ပေါင် ၁၃၇ ဒသမ ၇ သန်းသာရှိသောကြောင့် အသားတင်အသုံးစရိတ်အများဆုံးအသင်းအဖြစ် အာဆင်နယ်အသင်း၏နောက်၌ ရပ်တည်နေခြင်းဖြစ်သည်။

လီဗာပူးအသင်း၏နောက်တွင် ချယ်လ်ဆီးအသင်းကရပ်တည်နေပြီး ပေါင် ၂၄၀ ဒသမ ၂ သန်းအထိ အသုံးပြုခဲ့ကာ အသားတင်အသုံးစရိတ် ပေါင် ၁၀၃ ဒသမ ၅ သန်းရှိသည်။ မန်ယူအသင်းက အသားတင်အသုံးစရိတ် ပေါင် ၁၃၁ ဒသမ ၅ သန်းနှင့် မန်စီးတီးအသင်းက အသားတင်အသုံးစရိတ် ပေါင် ၁၂၁ ဒသမ ၆ သန်းအထိ အသုံးပြုထားသော်လည်း လက်ရှိတွင် မန်စီးတီးနှင့် မန်ယူအသင်းတို့သည် မည်သည့်ကစားသမားတစ်ဦးကိုမျှ ရောင်းချနိုင်ခြင်းမရှိသောကြောင့် အသင်းဝင်ငွေမရှိသေးကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လက်ရှိအပြောင်းအရွှေ့ကာလ ဈေးကွက်ပိတ်ရက်မှာ လာမည့်စက်တင်ဘာလ ၁ ရက် ဗြိတိန်စံတော်ချိန်ည ၇ နာရီဖြစ်ကြောင်း သိရသည်။

*Ref; Ref; Goal.com*

# ကွင်းလယ်ကစားသမားရိုဒရီအား ရောင်းချမည်မဟုတ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းထံ မန်စီးတီးအသင်းတုံ့ပြန်

မန်ချက်စတာ ဩဂုတ် ၆

မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကြိုးစားနေသော အသင်းကွင်းလယ်ကစားသမား ရိုဒရီအား ရောင်းချမည်မဟုတ်ကြောင်း တုံ့ပြန်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်း၏ အဓိကကွင်းလယ်ကစားသမား ရိုဒရီအား အသင်း၏ လစ်လပ်သွားသော ကွင်းလယ်ကစားသမားမိုဒရစ်နေရာ၌ အစားထိုးရန်အတွက် ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သောကြောင့် မန်စီးတီးအသင်းက ယခုကဲ့သို့ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် နှစ်နှစ်သာကျန်ရှိသော်လည်း ၎င်းကို အသင်းမှမထွက်ခွာစေရန် မန်စီးတီးအသင်း တာဝန်ရှိသူများက ကြိုးစားမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ကမ်းလှမ်းမှုကိုလည်း ဆက်လက်ငြင်းပယ်မည်ဖြစ်သည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းကစားသမား ဖာနန်ဒက်စ်နှင့် လီဗာပူးအသင်းကစားသမား အယ်လစ္စတာတို့ကို ခေါ်ယူရန်ချိတ်ဆက်နေကြောင်း သိရသည်။

*Ref; Fabrizio Romano*

# မန်ယူအသင်းက လိုက်ပဇစ်အသင်းတိုက်စစ်မှူး ဆက်ကိုအားခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်

မန်ချက်စတာ ဩဂုတ် ၆

မန်ယူအသင်းသည် လိုက်ပဇစ်အသင်းတိုက်စစ်မှူး ဆက်ကိုအားခေါ်ယူရန် နယူးကာဆယ်အသင်းနှင့် အပြိုင်ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

တိုက်စစ်မှူး ဆက်ကိုအတွက် မန်ယူအသင်းက ပေါင် ၇၅ သန်းအပါအဝင် အပိုဆုကြေး ၁၀ သန်းဖြင့် ကမ်းလှမ်းခဲ့ပြီး ၎င်းကို နယူးကာဆယ်အသင်းနှင့် အပြိုင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် လိုက်ပဇစ်နှင့် ဆလိုဗေးနီးယားလက်ရွေးစင်အသင်းတိုက်စစ်မှူး ဆက်ကိုအား နယူးကာဆယ်အသင်းက ကနဦးပြောင်းရွှေ့ကြေး ပေါင် ၆၉ ဒသမ ၇ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ထားပြီး လိုက်ပဇစ်အသင်းက ငြင်းပယ်ထားချိန်တွင် မန်ယူအသင်းက တရားဝင်ကမ်းလှမ်းမှုကို စတင်ပြုလုပ်ခဲ့ကြောင်း ကနဦးအပြောင်းအရွှေ့သတင်းများအရ သိရသည်။

တိုက်စစ်မှူး ဆက်ကိုသည် ပြီးခဲ့သည့်ရက်ပိုင်းက လိုက်ပဇစ်အသင်းနှင့် လေ့ကျင့်ခန်းဆင်းခဲ့ခြင်းမရှိသောကြောင့် ၎င်းအနေဖြင့် ယခုရက်ပိုင်းအတွင်း အသင်းပြောင်းရွှေ့ရန်နီးစပ်နေသော်လည်း လိုက်ပဇစ်အသင်းက မန်ယူအသင်း၏ကမ်းလှမ်းမှုကို တုံ့ပြန်ပြောကြားခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

ဆက်ကိုသည် လာမည့်ဘောလုံးရာသီမစတင်မီတွင် တခြားအသင်းများထံ ပြောင်းရွှေ့လိုခြင်းမရှိဘဲ မန်ယူအသင်းနှင့် နယူးကာဆယ်အသင်းတို့မှ တစ်သင်းသို့သာပြောင်းရွှေ့ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

*Ref; Fabrizio Romano*



# လာမည့်ဘောလုံးရာသီအပြီးတွင် ကစားသမားဘဝမှ အနားယူနိုင်ဖွယ်ရှိကြောင်း ကွင်းလယ်ကစားသမား ကာဇိုလာ ပြောကြား

မက်ဒရစ် ဩဂုတ် ၆

စပိန်ကလပ် ရီးယဲလ်အိုဗီဒိုအသင်းတွင် ကစားနေသည့် အာဆင်နယ်အသင်းကွင်းလယ်ကစားသမားဟောင်း ကာဇိုလာက လာမည့်ဘောလုံးရာသီအပြီးတွင် ကစားသမားဘဝမှ အနားယူနိုင်ဖွယ်ရှိကြောင်း ပြောကြားသည်။

ကာဇိုလာသည် ကစားသမားဘဝတွင် ပွဲစဉ်ပေါင်း ၅၆၉ ပွဲကစားထားပြီး ၁၀၇ ဂိုးသွင်းယူထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၂၄ ကြိမ် ပြုလုပ်ထားနိုင်ခဲ့သူဖြစ်ပြီး ၎င်းအနေဖြင့် အသက် ၄၀ အရွယ်သို့ ရောက်ရှိနေသူဖြစ်သည်။

ကာဇိုလာက "လာမယ့်ဘောလုံးရာသီက ကျွန်တော့်ရဲ့ကစားသမားဘဝ နောက်ဆုံးရာသီဖြစ်လာနိုင်ပါတယ်။ ကျွန်တော် အခုအချိန်မှာ ကလပ်အသင်းများစွာမှာ ကစားပေးခဲ့ပြီးပါပြီ။ လက်ရှိ ကျွန်တော့်ဘဝမှာ နေ့တိုင်း နာကျင်မှုတွေ၊ ဒဏ်ရာပြဿနာတွေနဲ့ ဖြတ်သန်းနေခဲ့ရတာပါ"ဟု ပြောကြားသည်။

ကွင်းလယ်ကစားသမား ကာဇိုလာသည် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအထိ ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းတွင် ကစားခဲ့သည့်အပြင် ဗီလာရီးယဲလ်အသင်းနှင့် မာလာဂါအသင်းတို့တွင် ကစားခဲ့ဖူးပြီး စပိန်လက်ရွေးစင်အသင်းတွင်လည်း ၈၁ ပွဲပါဝင်ကစားခဲ့သည်။

ထို့ပြင် ကွင်းလယ်ကစားသမား ကာဇိုလာသည် လက်ရှိ ရီးယဲလ်အိုဗီဒိုအသင်းတွင် တစ်နှစ်သာထပ်မံသက်တမ်းတိုးထားသကဲ့သို့ ၎င်း၏ဒဏ်ရာပြဿနာများကြောင့် လာမည့်ဘောလုံးရာသီအပြီးတွင် ကစားသမားဘဝမှ အနားယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref; Fotmob*

# လှိုင်ကော်စက်မှုဇုန် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်မှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

လှိုင်ကော် ဩဂုတ် ၆

ကယားပြည်နယ်အတွင်း နယ်မြေဒေသပြန်လည်တည်ငြိမ်အေးချမ်းလာပြီး လှိုင်ကော်စက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ လှိုင်ကော်စက်မှုဇုန်၌ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းများပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လှိုင်ကော်စက်မှုဇုန် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ လှိုင်ကော်စက်မှုဇုန်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှု၊ စက်မှုဇုန်အတွင်း ကတ္တရာလမ်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပေးရန်လိုအပ်မှု၊ ထရန်စဖော်မာများ တပ်ဆင်ပေးမည့် အခြေအနေနှင့် လုပ်ငန်းများစတင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သစ်အချောထည်နှင့် သစ်ပါးလွှာလုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်း၊ ပရိဘောဂစက်ရုံ၊ ဆန်စက်၊ ဆီစက်၊ သီးနှံအခြောက်ခံစက်ရုံ၊ ရက်ကန်းလုပ်ငန်း၊ စက္ကူစက်၊ ကြက်စာ အစာစပ်စက်ရုံ၊ မော်တော်ယာဉ်အလုပ်ရုံလုပ်ငန်းရှင်များက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လိုမှု၊ အခက်အခဲ၊ လိုအပ်ချက်နှင့် ဖြည့်ဆည်းပေးရန်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်း စက်ရုံအလုပ်ရုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ပြင်ဆင်နေမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားသည့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းနှင့် Switch Yard များ ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြုပြင်ရန်လိုအပ်သည့်အခြေအနေ၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ယာဉ်ရပ်နားစခန်း အမြန်ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**ခင်စောတင့်**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်

ကျိုင်းတုံ ဩဂုတ် ၆

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိတိုင်းရင်းသားရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျိုင်းတုံမြို့ ခေမရဋ္ဌ အစိုးရရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များကို ဘဏ္ဍာရန်ပုံငွေများပေးအပ်ခြင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို မပျောက်ရအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက အာခါစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ အဲန်စာပေယဉ်ကျေးမှုအဖွဲ့၊ ပလောင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ လားဟူစာပေယဉ်ကျေးမှုအဖွဲ့၊ တိုင်းလုံစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ အားခေစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဝ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ တိုင်းလီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ လွယ်(ပလန်) စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ လီဆူစာပေယဉ်ကျေးမှုအဖွဲ့၊ ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ဂုံရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တိုင်းနေစာပေယဉ်ကျေးမှုအဖွဲ့တို့အား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကိုယ်စား အဲန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ယနေ့ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ်ရှစ်ရာငါးဆယ့်ခြောက်သိန်းကျော် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ပျောက်ဆုံးကြောင်း**
မေငုဝါ(ဘ)ဦးသန်းစိုး ၁၂/အစန(နိုင်)၂၂၅၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နော်သက်သက်နု(ဘ)ဦးအာဘော၃/လသန(နိုင်)၀၀၅၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 002127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၂၅၈၂၉၀

**ပျောက်ဆုံးကြောင်း**
ယမင်းလှိုင်ဦး(ဘ)ဦးညီညီနိုင် ၇/ပတန(နိုင်)၁၅၈၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၈၈၂၂၂၁

**ပျောက်ဆုံးကြောင်း**
လှဲ့လှဲ့ဝေ(ဘ)ဦးအောင်လှိုင် ၈/မကန(နိုင်)၂၆၂၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 062391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၀၉၀၄၉၅

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ဖြိုး(ဘ)ဦးကောင်းလှိုင် ၅/မရန(နိုင်)၂၇၅၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းမင်းထွန်း(ဘ)ဦးထွန်းရွှေ ၉/ပဘန(နိုင်)၀၈၅၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထွယ်ဆန်အောင်လတ်(ဘ)ဦးဖူတေလင့်၁၃/ကခန(နိုင်)၁၂၉၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 723897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၁၀၆၁၈၂၀

**ပျောက်ဆုံးကြောင်း**
မိုးမင်းထိုက်(ဘ)ဦးမောင်သန်း ၁၀/မဒန(နိုင်)၁၆၂၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၅၉၄၀၀

**ပျောက်ဆုံးကြောင်း**
အေးအေးမွန်(ဘ)ဦးသောင်းရွှေ ၁၀/မဒန(နိုင်)၁၆၃၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၅၉၄၀၀

**ပျောက်ဆုံးကြောင်း**
စောကြည်ထွေး(ဘ)ဦးနယ်မိုင်း ၃/လဘန(နိုင်)၀၀၂၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 607711)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၀၇၀၅၀၇၀

**မိဘအမည်မှန်**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက(ချောင်းဆုံ)တွင် Grade-11 မှ နော်နှင်းယုဝေ၏ မိဘအမည်မှန်မှာ စောကျော်ကျော်လွင်-ဒေါ်တင်ဝင်းဖြစ်ပါကြောင်း။
စောကျော်ကျော်လွင်-ဒေါ်တင်ဝင်း

**ပျောက်ဆုံးကြောင်း**
နန်းသိမ့်သိမ့်ဆန်း(ဘ)ဦးကျော်ဆန်းဝင်း ၉/အမဇ(နိုင်)၀၂၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ငွေးဦး(ဘ)အဗ္ဗဒူလတစ်ခန်း ၁၂/ပဘတ(နိုင်)၀၃၀၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စောဝင်း(ဘ)ဦးစောမောင် ၁၂/တကန(နိုင်)၀၆၅၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၇၈၇၆၅၈

**ပျောက်ဆုံးကြောင်း**
ထွေးမြင့်(ဘ)ဦးစံရင် ၁၂/တကန(နိုင်)၀၆၅၄၆၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၇၈၇၆၅၈

**ပျောက်ဆုံးကြောင်း**
ဝေဝေလှိုင်(ဘ)ဦးစောဝင်း ၁၂/ဗဟန(နိုင်)၀၉၃၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၇၈၇၆၅၈

**ပျောက်ဆုံးကြောင်း**
ကျော်လွင်(ဘ)ဦးစောဖေ ၈/ရစက(နိုင်)၀၇၄၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၆၇၀၉၁၇၆

**ပျောက်ဆုံးကြောင်း**
ညိုညိုစန်း(ဘ)ဦးဟန်သိန်း ၁၂/အစန(နိုင်)၀၆၈၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၄၀၂၄၄၈၀

**ပျောက်ဆုံးကြောင်း**
ကောင်းမြတ်မွန်(ဘ)ဦးလှဝင်း ၁၄/ဝခမ(နိုင်)၃၁၆၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၇၆၂၄၂၀

**ပျောက်ဆုံးကြောင်း**
ဟိန်းမင်းလတ်(ဘ)ဦးအောင်မင်း ၁၄/ဝခမ(နိုင်)၃၁၆၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၄၇၆၂၄၂၀

**ပျောက်ဆုံးကြောင်း**
ချမ်းငြိမ်း(ဘ)ဦးဝင်းဗိုလ် ၅/ယမပ(နိုင်)၁၃၅၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၀၄၁၁၅၆

**ပျောက်ဆုံးကြောင်း**
မဒီရမ်တီ(ဘ)ဦးဘာရှာများ ၁၂/သကတ(နိုင်)၁၁၈၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၁၈၀၂၃၂

**ပျောက်ဆုံးကြောင်း**
ရွှေရည်ဝင်း(ဘ)ဦးတင်မြင့် ၁၂/အစန(နိုင်)၁၂၆၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၉၆၅၁၅၉၆

**ပျောက်ဆုံးကြောင်း**
ဉူးဝိမလ(ဘ)ဦးစံငွေ ၁၂/မရက(သ)၀၀၂၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၂၁၃၄၂၃၄

**ပျောက်ဆုံးကြောင်း**
တင်ထွန်း(ဘ)ဦးပွ ၁၄/လမန(နိုင်)၀၃၂၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၁၈၁၅၃၁

**ပျောက်ဆုံးကြောင်း**
မျိုးဆွေ(ဘ)ဦးကျော် ၉/မခန(နိုင်)၁၂၉၉၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၄၀၄၁၆၇

**ပျောက်ဆုံးကြောင်း**
မျိုးမင်းထွန်း(ဘ)ဦးတင်မြင့် ၁၂/သဃက(နိုင်)၁၈၂၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၅၁၃၉၃၀

**ပျောက်ဆုံးကြောင်း**
မြသွင်(ဘ)ဦးစံထွန်း ၁၂/ကမတ(နိုင်)၀၃၅၄၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၂၆၂၉

**ပျောက်ဆုံးကြောင်း**
ကျော်မြင့်(ဘ)ဦးရှိန် ၁၂/ဥကတ(နိုင်)၁၀၀၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၈၀၄၂၁၅

**ပျောက်ဆုံးကြောင်း**
ထက်အောင်ချို(ဘ)ဦးဆန်းဝင်း ၇/တငန(နိုင်)၁၉၂၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၃၆၃၅၆၉

**ပျောက်ဆုံးကြောင်း**
လွန်းရွှေရည်(ဘ)ဦးမျိုးသိန်း ၉/အမဇ(နိုင်)၀၃၆၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 785376)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၂၃၂၃၉၂၃

**ပျောက်ဆုံးကြောင်း**
ငုဝါလှိုင်(ဘ)ဦးအေးမင်းထွန်း ၇/ညလပ(နိုင်)၂၄၇၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းနီလာ(ဘ)ဦးစံတင် ၇/ကတခ(နိုင်)၁၁၆၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထိန်လင်းအောင်(ဘ)ဦးလှအောင် ၁၁/တကန(နိုင်)၁၁၁၆၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 890478)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ထက်ထက်အောင်(ဘ)ဦးအောင်မင်း ၅/မမန(နိုင်)၀၈၉၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းကြည်ထွေး(ဘ)ဦးကျော်သန်း ၁၃/ပလန(နိုင်)၁၃၆၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ညီဘုန်းမောင်(ဘ)ဦးသန်းထွန်း ၁၄/ဟကက(နိုင်)၀၄၈၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 575255)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်ခင်ဦး(ဘ)ဦးကျော်ဇေယျ ၅/ခပန(နိုင်)၀၁၂၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်သိန်း(ဘ)ဦးသန့်ဇော်အောင်၁၂/ဒဂတ(ပြု)၀၀၀၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နုနုဝင်း(ဘ)ဦးစိန်လှ၁၂/ရပသ(နိုင်)၀၆၈၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇင်မာသူ(ဘ)ဦးစိန်ဝင်း ၇/လပတ(နိုင်)၁၇၇၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 586476)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မဟာစိမ်းအွယ်(ဘ)ဦးဟုန်းဟာ ၄/ကပလ(နိုင်)၀၂၂၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 736693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးသီတလ(ဘ)ဦးဘကြူ ၁၂/ကမရ(သ)၀၀၀၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နော်စေးလယ်ဖေါ(ဘ)ဦးစောမူးလယ်၁၄/ပတ(နိုင်)၂၆၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!



We
Protect
The Family

- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



# အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"




Hotline - 09-450450561, 09-450450562, 09-450450563






# မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

- နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
- သာကေတ ကုန်သေတ္တာထားသိုခန်း
- သာကေတ ဆိပ်ခံတံတားလုပ်ငန်း
- သာကေတ ကုန်လှောင်ရုံလုပ်ငန်း

ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး

❖ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလို . . .

❖ အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုတိုးတက်လာစေမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့် ရွှေကျင်မြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း တာ့ခ်မင်နစ္စတန်ကို ဂိုးပြတ်အနိုင်ရရှိ**

စာ - ၂၆ သို့



## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား / အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲနှင့်တတိယလုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို စာမျက်နှာ ၁၆ ကော်လံ ၁ ❍

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ စာမျက်နှာ ၂၉ ကော်လံ ၁ ■



**နေရှိတဲ့အရပ်ကို မျက်နှာမူပါ... လယ်ကွင်းထဲမှာဆိုလာတပ်ပါ...**

စာ - ၂၂ သို့

**၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း သဘာဝဘေးများကြောင့် ကမ္ဘာတစ်ဝန်း၌ ဒေါ်လာ ၁၃၅ ဘီလီယံဆုံးရှုံး**

စာ - ၂၃ သို့

